ရသစာစဉ်

၉



# ဂျူး

## အဝေးကြည့်မှန်ပြောင်း နှင့် အခြားဝတ္ထုတိုများ

သူ၏ နေရပ်လိပ်စာကို မိမိ ရှိသမျှ စည်းစိမ်ကို ပုံအောစ၍ ဝယ်လို့ရလျှင် ဝယ်ချင်ပါသည်။

သူ ဘယ်လို မိုးကောင်းကင်အောက်မှာ ရှိနေပါသနည်း။

သူ တစ်နေရာရာမှာ ပျော်ရွှင်ကျန်းမာနေကြောင်း သူမ မြင်တွေ့ချင်သည်။

သူ ပြန်လာချင်လည်း လာမည်။ မလာဘဲလည်း နေနိုင်သည်။

သို့မဟုတ် သူ... ဤကမ္ဘာမြေပေါ်တွင် ရှိချင်မှလည်း ရှိတော့မည်။

သူနှင့် ပတ်သက်သမျှ ဘာမဆို ဖြစ်နိုင်ပါသည်။

ညှော်ခန်းနံရံများ၊ တိုင်များပေါ်တွင် ရှုပ်ပွပြည့်နက်နေသော

နာရီအမျိုးမျိုးကို ငေးမောနေမိသော သူမသည်

နာရီ တစ်ခုတလေများ ဆက်သွားနေမလားဟု စူစမ်းလေ့လာကြည့်သည်။

နာရီအားလုံး ငြိမ်သက်နေသည်။

တချို့က ပင့်ကူမျှင်များ ရစ်တွယ်နေသည်။

တိုင်ကပ်နာရီများ၏ သစ်သားအိမ်နံရံတို့တွင် ဖုန်တက်နေသည်။

သည်နာရီတွေဟာ ဘာများ အဓိပ္ပါယ်ရှိလို့လဲကွယ်။

သူမသည် အားလျော့ စိတ်ပျက်စွာ မျက်နှာလွှဲလိုက်၏။

ဂျူး

(အဝေးကြည့်မှန်ပြောင်း မှ……)

ISBN 978-99971-68-03-0
9 789997 168030 >

ရသစာစဉ် (၉)

# the key collection

စာအုပ်မှတ်တမ်း
the key collection ပထမအကြိမ် ဇန်နဝါရီ ၂၀၁၇
ထုတ်ဝေသူ the key collection (၀၀၉၅)
ပုံနှိပ်သူ ရွှေပြည်မွေး (၀၀၁၅၂)
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀ ကျပ်
စာအုပ်ချုပ် ကိုမြင့်
မျက်နှာဖုံး ပန်းချီ မုတ်သုံ
book designed by mgthantsin

the key collection ၈၉၅.၈
အဝေးကြည့်မှန်ပြောင်းနှင့် အခြားဝတ္ထုတိုများ / ဂျူး
-- ရန်ကုန်၊ the key collection ၂၀၁၇။
၈၃ စာ၊ ၁၃ x ၂၀ စင်တီမီတာ။
၁။ အဝေးကြည့်မှန်ပြောင်းနှင့် အခြားဝတ္ထုတိုများ
(၁) အဝေးကြည့်မှန်ပြောင်း (၂) သစ်တစ်ပင်ကောင်း
(၃) မိန်းမနှစ်ယောက် (၄) ပျော်ပွဲစား
(၅) ဘုရင်းဖုား
ISBM 978 - 99971 - 68 - 03 - 0

# အဝေးကြည့်မှန်ပြောင်း

နှင့်

## အခြားဝတ္ထုတိုများ

ဂျူး

# ခေါင်းစဉ်အညွှန်း


စကားလက်ဆောင် ၉

အဝေးကြည့်မှန်ပြောင်း ၁၃

သစ်တစ်ပင်ကောင်း ၂၉

မိန်းမနှစ်ယောက် ၄၁

ပျော်ပွဲစား ၅၉

သူရင်းငှား ၇၁

## စကားလက်ဆောင်

ရသစာစဉ်သည် the key collection ၏ ဒုတိယ ကြိုးပမ်းမှု တစ်ရပ်ဟု ဆိုပါရစေ။ ထုတ်ဝေသူတစ်ဦး၏ တစ်ပိုင်တစ်နိုင် ကြိုးပမ်းမှုမျှသာ။ လူငယ် စာဖတ်သူများ ရသ စာကောင်းပေမွန်များ အထူးသဖြင့် ဝတ္ထုတိုကောင်း ကောင်း အလွယ်တကူ ဖတ်ရှုနိုင်ရန် ရည်ရွယ်လျက် စီစဉ်လိုက်ခြင်း ဖြစ်ပါ သည်။

အင်္ဂလိပ် စာရေးဆရာကြီး တောမာစ် ဒီ ကွင်စီ က စာပေကို အသိ ပညာပေးစာပေ (သုတစာပေ)နှင့် စေတနာ လှုံ့ဆော်မှုစာပေ (ရသစာပေ)ဟု နှစ်မျိုးနှစ်စား ခွဲခြား မိန့်ဆိုခဲ့သည်။ ဝတ္ထု ကဗျာ ပြဇာတ် စာပေအမျိုး အစားများသည် ရသစာပေတွင် ပါဝင်၍ ရသစာပေသည် လူမျိုး တစ်မျိုး နိုင်ငံ တစ်နိုင်ငံ၏ စရိုက်လက္ခဏာနှင့် စေတနာကို ဖော်ကျူးလေ့ ရှိသည် ဟု ဆိုကြပါသည်။ သို့ကြောင့် ရသ စာကောင်းပေမွန်များ ဖွံ့ဖြိုးရေးသည် စာပေ ဖွံ့ဖြိုးရေးအတွက် အရေးပါလှပါသည်။

သုတစာပေသာ ဖွံ့ဖြိုး၍ ရသစာပေ ချို့တဲ့သော လူမျိုး တစ်မျိုး နိုင်ငံ တစ်နိုင်ငံသည် ရေရှည်တွင် ပညာပြည့်ဝ နှလုံးလှသည့် လူမျိုး သို့မဟုတ် နိုင်ငံ တစ်နိုင်ငံအဖြစ် မရပ်တည်နိုင်ပါ။ သုတ မျှသာ၍ ဖွံ့ဖြိုးရန် လိုအပ် လှပါသည်။

မျက်မှောက် မြန်မာ စာပေလောကတွင် ရသစာပေ ဖန်တီးသူ မျိုး ဆက် အားနည်းနေသည်ဟု ဆိုကြပါသည်။ အမှန်မှာ ရသ စာကောင်းပေမွန် ဖန်တီးသူ မျိုးဆက်ထက် သာမက ရသ စာကောင်းပေမွန်ဖတ်သူ မျိုးဆက် လည်း အားရစရာ မကောင်းလှပါ။ မလွှဲမသွေ လက်ခံရမည့် အချက်တစ် ချက်မှာ ရသ စာကောင်းပေမွန်များ ဖွံ့ဖြိုးရန် ရေးသူရော ဖတ်သူပါ အား ကောင်းရန် အရေးကြီးလှပါ၏။

သို့အတွက် ထုတ်ဝေသူတစ်ဦး အနေဖြင့် ရသစာပေ ဖွံ့ဖြိုးရေးအတွက် the key collection သည် တတ်စွမ်းနိုင်သရွေ့ ကြိုးပမ်းကြည့်လိုသော ဆန္ဒမွန်ဖြင့် ရသစာစဉ်ကို စီစဉ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါကြောင်း စကားလက်ဆောင် ပါးပါရစေ။

the key collection

အဝေးကြည့်မှန်ပြောင်း

# အဝေးကြည့်မှန်ပြောင်း

ထိုအချိန်သည် ပြတင်းပေါက်တစ်ခုဘေး၌ သူမ မတ်တတ်ရပ်နေချိန် ဖြစ်သည်။ ဘူတာရုံနာရီစင်မှ ညနေ ငါးနာရီထိုးရန် ထိုင်းမှိုင်း လေးတွဲ့သော သံစုံဂီတ စတင် တီးခတ်ချိန်လည်း ဖြစ်သည်။ ထိုအချိန်မှာပင် အဝေးဆီမှ မသာဂီတ တစ်ခုသည် ဝမ်းနည်းတတ်သော သူမထံသို့ တစ်ပိုင်းတစ်စ လွင့်စဉ်လာခဲ့သည်။

ယနေ့ အင်္ဂါနေ့ ဖြစ်သည်။ မီးရထား မလာသေးပါ။

၁၉၈၅ ခုနှစ်အဖို့ ပထမဦးဆုံးအကြိမ် မီးရထား နောက်ကျခြင်း ဖြစ်သည်။ နေ့စဉ် ပြုမူနေကျ ဝတ္တရားတစ်ခုအဖြစ် မီးရထား ဥသြသံကို စောင့်မျှော်နေချိန်တွင် ဥသြသံအစား မသာဆိုင်းသံကိုသာ ဝေးလံစွာ ကြားရ၏။ နှဲအီသံနှင့် ဗုံရှည်သံတို့ကို အချိုးကျကျ ပေါင်းစပ်လိုက်သောအခါ ဖြည်းလေး၍ ငိုကြွေးဖွယ်ရာဖြစ်သော မသာဆိုင်းသံ ဖြစ်လာသည်။ အသုဘခရီးမှာ ဗုံရှည်နှင့် နှဲကို တီးမှုတ်ရန် မည်သူကများ စိတ်ကူးရခဲ့ပါသနည်း။ ကြားရသည်မှာ စိတ်မသက်သာစရာ ရင်ဝသို့ ဆောင့်၍ ဆောင့်၍ တွန်းထိုးဘိသကဲ့သို့ ဖြစ်သည်။

ဤမြို့ငယ်ကလေး၏ ထူးခြားချက်များတွင် 'အသုဘချခြင်း' သည် တစ်ခု အပါအဝင် ဖြစ်သည်။ ဤမြို့တွင် လူသေအလောင်းကို နိဗ္ဗာန်ယာဉ် မော်တော်ကားဖြင့် မပို့ဆောင်ကြပါ။ ဝါးများဖြင့် ပြုလုပ်သော ဝေါကဲ့သို့ ထမ်းစင်ဖြင့်သာ အလောင်းစင်ကို ပို့ဆောင်ကြသည်။ လူသုံးယောက်လျှင် တစ်ဘက်စွန်းစီ ရှေ့နောက် ထမ်းကြသော ထမ်းစင် ဖြစ်သည်။ လိုက်ပါပို့ဆောင်သူများလည်း မော်တော်ကား မစီးကြပါ။ ခြေကျင် စုပေါင်း၍ ဖြည်း

..............

ရှုမဝရုပ်စုံ မဂ္ဂဇင်း ဩဂုတ် ၁၉၈၅

ညင်းစွာ လိုက်ပါ ပို့ဆောင်ကြပါသည်။ သံဃာတော်များလည်း အလောင်းစင်၏ ရှေ့မှ စီတန်း၍ ခြေကျင် လမ်းလျှောက်သွားကြသည်။

အမှန်အားဖြင့် အသုဘကို နေ့လည် သုံးနာရီမှ ညနေ လေးနာရီ အချိန်အတွင်း သင်္ဂြိုဟ်တတ်၏။ ယနေ့ အသုဘ နောက်ကျသည်။ လေပြင်းမုန်တိုင်းကြောင့် ဖြစ်နိုင်ပါသည်။

အနီရောင် လေပြင်းမုန်တိုင်း ရုတ်တရက် တိုက်ခတ်လိုက်သောကြောင့် ပြုလုပ်နေကျ လုပ်ငန်းတစ်ခု ယနေ့ နောက်ကျသွားခဲ့၏။ ပိတ်ဆီးနေသော ဖုန်ထုကြောင့် အနီရောင်ပြေးနေသော ဝန်းကျင်ကြားခံနယ်ကို မှန်ပြောင်းဖြင့် ဖြတ်သန်း မမြင်နိုင်တော့ပါ။ မှန်ပြောင်း၏ မှန်ဘီလူးများကို နူးညံ့သော အဝတ်ဖြင့် မကြာခဏ ပွတ်တိုက်ပေးပါလျက်၊ နီကြင်သော မှန်များသည် တစ်မုဟုတ်ချင်း ပြန်လည် ကပ်ငြိပြန်၏။ ယခင်နေ့များကတော့ မှန်ပြောင်းဖြင့် အဝေးရှိ သစ်ပင်ထိပ်ဖျားတို့မှ ငှက်များ၊ ပန်းပွင့်များ၊ တယ်လီဖုန်းတိုင်များ၊ ဖုန်တက်နေသော အိမ်ခေါင်မိုးများ၊ ဝရန်တာများကို ကြည့်ရှုမှတ်သားနေကျ ဖြစ်သည်။ အားလပ်ချိန် အပန်းဖြေနည်း တစ်မျိုးလည်း ဖြစ်ပြီး၊ အချိန်ကို ကုန်မှန်းမသိ ကုန်စေနည်းလည်း ဖြစ်သည်။ ဤမြို့သို့ ရောက်သည်မှာ မကြာသေးသော်လည်း သူမသည် ကုန်းမြင့်ဆီမှ ဘုရားစေတီပေါင်း နှစ်ဆယ့်သုံးဆူကို မှန်ပြောင်းဖြင့် ရေတွက်ပြီး ဖြစ်သည်။ ဤမြို့သည် သစ်ပင်ကျဲပါးသော အပူရောင် ဒေသတစ်ခု ဖြစ်သည်။ ထို့ကြောင့် ဘူတာရုံကိုလည်း အလွယ်တကူ မြင်နိုင်သည်။ ဘူတာရုံသည် အနီရောင် အုပ်ကြွပ်မိုးနှင့် အုတ်နီ တိုက်ငယ်ဟောင်းကလေး ဖြစ်သည်။ မီးရထား ဆိုက်ချိန်ရောက်လျှင်တော့ ဘူတာရုံ ဆင်ဝင်ပေါက်သို့ ရွှေ့ချိန်ပြီး၊ ရထားဆင်း ခရီးသည်တို့ကို တစ်ယောက်ချင်း စောင့်ကြည့် မျှော်လင့်မြဲ ဖြစ်သည်။ ပြုလုပ်နေကျ ဝတ္တရားတစ်ခု ဖြစ်၍ တစ်ခါတစ်ရံ ရင်ခုန်ဖို့ကိုပင် မေ့လျော့နေတတ်ပါသည်။

လေနီကြမ်းတိုက်သည့်နေ့တွင် မီးရထား နောက်ကျသည်မှာ အံ့သြဖို့ မရှိသော်လည်း၊ သူမ အလွန်အမင်း အိပ်ချင်နေသည်မှာ အံ့သြစရာ ဖြစ်သည်။ မိန်းမတစ်ယောက်သည် လင်ယောကျ်ား၏ မွေးနေ့ အခမ်းအနားကျင်းပခါနီး အချိန်တွင် အိပ်ချင်နေဖို့ မကောင်းပါ။ ယနေ့ ကြာသပတေးနေ့ မဟုတ်။ သို့သော် မတ်လ ၂၆ ရက်နေ့ဖြစ်သောကြောင့် မွေးနေ့ပွဲကို ညနေ ၆ နာရီတွင် ကျင်းပမည်။ ဧည့်သည်တော်များကို ဖိတ်ကြားထားပြီး ဖြစ်

သည်။ သူမ၏ အံ့ဩတတ်သော ညှို့သည်တော်များ မကြာမီ ရောက်လာကြလိမ့်မည်။

သူမ၏ အိမ်တွင် နာရီများစွာ ရှိသည်။ နာရီများစွာ ရှိခြင်းကြောင့် တစ်စုံတစ်ယောက်သည် အံ့ဩဖို့ မလိုပါ။ မျက်နှာမပါသော၊ လက်တံမပါသော နာရီများကိုလည်း မည်သူမျှ မရယ်မောရ။ ၎င်းတို့သည် အာဟာရပြတ်တောက်နေသူများ ဖြစ်၏။ လေးတွဲ့စွာ လှုပ်ရှားရင်း အင်အား ကုန်ခမ်းသွားသူများ ဖြစ်၏။ ထို့အပြင် ၂၇၂ မိုင် ဝေးသော ခရီးကို ကားဖြင့် ဖြတ်သန်းလာခဲ့ရသောအခါ သူတို့ မလှုပ်ရှားနိုင်တော့ပါ။ ဤများပြားလှစွာသော နာရီများကို အဘယ်ကြောင့် ဒုက္ခခံ၍ သယ်ယူလာပါသနည်း။ နာရီများနှင့် ခရီးသွားရခြင်းသည် ပျော်ရွှင်ဖွယ်ရာ မဟုတ်သလို ဒုက္ခလည်း မဟုတ်ပါ။ ထို့ပြင် နာရီများ၏ ပိုင်ရှင်မှာ သူ ဖြစ်သည်။ နာရီများသည် သူတို့နှစ်ဦးကြားရှိ အဆက်အသွယ်ကောင်းတစ်ခုလည်း ဖြစ်၏။ ခက်နေသည်မှာ သူမသည် ရပ်တန့်နေသော နာရီများကို လှုပ်ရှားလာအောင် မည်သို့မျှ မပြုပြင်တတ်ခြင်းပင် ဖြစ်သည်။

မည်သို့ဆိုစေ၊ သူမ၏ မိတ်ဆွေအသစ်များသည် သူမ အိမ်သို့ ရောက်လျှင် အံ့ဩနေကြမြဲ ဖြစ်သည်။ ပထမဆုံး မိန်းမတစ်ယောက်နှင့် မည်သို့မျှ မပတ်သက်သော များပြားလှသော နာရီများကို အံ့ဩ၏။ ဒုတိယအဖြစ် မိန်းမတစ်ယောက်နှင့် မပတ်သက်သော အလွန် အားကောင်းသည့် အဝေးကြည့်မှန်ပြောင်းကို အံ့ဩ၏။ တတိယအဖြစ် ညှို့ခန်းစားပွဲမှာ တန်းစီချထားသည့် ဟောင်းနွမ်းသော ဖဲချပ်ကလေးများကို အံ့ဩ၏။ နောက်ထပ် အံ့ဩစရာများ အိပ်ခန်းထဲတွင် ရှိသေးသော်လည်း သူမအနေဖြင့် သည်မျှ အံ့ဩမှုပေးရန် မရည်ရွယ်ပါ။ သူမ၏ မိတ်ဆွေအသစ်များသည် အရာရာကို အံ့ဩတတ်၏။ စိတ်ဝင်စားတတ်၏။ သူမ ဘယ်လိုမိန်းမမျိုးလဲ ဟု စပ်စုတတ်ကြသေးသည်။ ဖြေရန် မလိုအပ်ပါ။ သူမကိုယ်တိုင်လည်း မသေချာပါ။ သူမသည် အိမ်ထောင်သည်တစ်ဦး ဖြစ်ခဲ့သည်မှန်၏။ သို့သော် တစ်ခုလပ် မိန်းမတစ်ဦးလည်း ဖြစ်နိုင်သည်။ ထိုမှတစ်ပါး မုဆိုးမတစ်ဦးလည်း ဖြစ်နိုင်ပါသည်။

သူ... သူမထံ အကြောင်းကြားစာကလေးဖြစ်ဖြစ် ရေးပို့ဖို့ကောင်းသည်ဟု မကြာခဏ တောင့်တခဲ့ရသည်။ သို့မဟုတ် ရောင်စုံပို့စ်ကတ်တစ်ခုခု သို့မဟုတ်လည်း သူ ဘယ်ရောက်နေသည်ဟု အကြောင်းကြား

သည်။ သူမ၏ အုံ့ဩတတ်သော ညှိသည်တော်များ မကြာမီ ရောက်လာကြလိမ့်မည်။

သူမ၏ အိမ်တွင် နာရီများစွာ ရှိသည်။ နာရီများစွာ ရှိခြင်းကြောင့် တစ်စုံတစ်ယောက်သည် အုံ့ဩဖို့ မလိုပါ။ မျက်နှာမပါသော၊ လက်တံမပါသော နာရီများကိုလည်း မည်သူမျှ မရယ်မောရ။ ၎င်းတို့သည် အာဟာရပြတ်တောက်နေသူများ ဖြစ်၏။ လေးတွဲ့စွာ လှုပ်ရှားရင်း အင်အား ကုန်ခမ်းသွားသူများ ဖြစ်၏။ ထို့အပြင် ၂၇၂ မိုင် ဝေးသော ခရီးကို ကားဖြင့် ဖြတ်သန်းလာခဲ့ရသောအခါ သူတို့ မလှုပ်ရှားနိုင်တော့ပါ။ ဤများပြားလှစွာသော နာရီများကို အဘယ်ကြောင့် ဒုက္ခခံ၍ သယ်ယူလာပါသနည်း။ နာရီများနှင့် ခရီးသွားရခြင်းသည် ပျော်ရွှင်ဖွယ်ရာ မဟုတ်သလို ဒုက္ခလည်း မဟုတ်ပါ။ ထို့ပြင် နာရီများ၏ ပိုင်ရှင်မှာ သူ ဖြစ်သည်။ နာရီများသည် သူတို့နှစ်ဦးကြားရှိ အဆက်အသွယ်ကောင်းတစ်ခုလည်း ဖြစ်၏။ ခက်နေသည်မှာ သူမသည် ရပ်တန့်နေသော နာရီများကို လှုပ်ရှားလာအောင် မည်သို့မျှ မပြုပြင်တတ်ခြင်းပင် ဖြစ်သည်။

မည်သို့ဆိုစေ၊ သူမ၏ မိတ်ဆွေအသစ်များသည် သူမ အိမ်သို့ ရောက်လျှင် အုံ့ဩနေကြမြဲ ဖြစ်သည်။ ပထမဆုံး မိန်းမတစ်ယောက်နှင့် မည်သို့မျှ မပတ်သက်သော များပြားလှသော နာရီများကို အုံ့ဩ၏။ ဒုတိယအဖြစ် မိန်းမတစ်ယောက်နှင့် မပတ်သက်သော အလွန် အားကောင်းသည့် အဝေးကြည့်မှန်ပြောင်းကို အုံ့ဩ၏။ တတိယအဖြစ် ညှိခန်းစားပွဲမှာ တန်းစီချထားသည့် ဟောင်းနွမ်းသော ဖဲချပ်ကလေးများကို အုံ့ဩ၏။ နောက်ထပ် အုံ့ဩစရာများ အိပ်ခန်းထဲတွင် ရှိသေးသော်လည်း သူမအနေဖြင့် သည်မျှ အုံ့ဩမှုပေးရန် မရည်ရွယ်ပါ။ သူမ၏ မိတ်ဆွေအသစ်များသည် အရာရာကို အုံ့ဩတတ်၏။ စိတ်ဝင်စားတတ်၏။ သူမ ဘယ်လိုမိန်းမမျိုးလဲ ဟု စပ်စုတတ်ကြသေးသည်။ ဖြေရန် မလိုအပ်ပါ။ သူမကိုယ်တိုင်လည်း မသေချာပါ။ သူမသည် အိမ်ထောင်သည်တစ်ဦး ဖြစ်ခဲ့သည်မှန်၏။ သို့သော် တစ်ခုလပ် မိန်းမတစ်ဦးလည်း ဖြစ်နိုင်သည်။ ထိုမှတစ်ပါး မုဆိုးမတစ်ဦးလည်း ဖြစ်နိုင်ပါသည်။

သူ... သူမထံ အကြောင်းကြားစာကလေးဖြစ်ဖြစ် ရေးပို့ဖို့ကောင်းသည်ဟု မကြာခဏ တောင့်တခဲ့ရသည်။ သို့မဟုတ် ရောင်စုံပို့စ်ကတ်တစ်ခုခု သို့မဟုတ်လည်း သူ ဘယ်ရောက်နေသည်ဟု အကြောင်းကြား

မည့် ကြေးနန်းစာတစ်စောင် ဖြစ်ဖြစ်ပေါ့... ။ သူ...သူမကိုများ မေ့လျော့နေလေသလား။ သူ သတိမမေ့တတ်ပါ။ သူ အလွန်တရာ မှတ်ဉာဏ်ကောင်းပါသည်။ အိပ်ရာထချိန် စောင်နှင့် ခြင်ထောင်များ ခေါက်သိမ်းရန် အင်မတန် ပျင်းရိတတ်သူ တစ်ယောက်သည် မိမိ ဇနီးထံ စာရေးဖို့လည်း ပျင်းနေနိုင်သည်။ သုံးနှစ်ကြာအောင်လား မဖြစ်နိုင်ပါ။ အမှန်အားဖြင့် ကျိုးကြောင်း ဆင်ခြင်မှု ကင်းမဲ့သော ဖြေသိမ့်ခြင်းပင် ဖြစ်၏။ ဖြစ်သင့်သည်က သူမဘက်မှ အရာရာကို တင်ကြို ပြင်ဆင်၍ လေ့ကျင့်ထားရပေမည်။ ဥပမာ ကွာရှင်းစာချုပ်ကို မျက်နှာမပျက်ဘဲ အလွယ်တကူ လက်မှတ်ထိုးပေးနိုင်ရန် အချုပ်ခန်းသံတိုင်များ နောက်ကွယ်က သူ့မျက်နှာကို အားပေးသည့် အကြည့်ဖြင့် နှစ်သိမ့်နိုင်ရန်...။ ရင်ခွဲရုံ ကျောက်စားပွဲပေါ်မှာ အဝတ်ဖြူအုပ်ထားသော မျက်နှာတစ်ခုအဖြစ် လှုပ်ပြခဲ့လျှင် ရဲရင့်စွာ ငုံကြည့်၍ အတည်ပြုချက် ပေးနိုင်ရန်။ အို...ဒါဟာ အပြီးတိုင် ဆုံးရှုံးမှုပဲလား။ အအေးမိ လည်ချောင်းနာ ရောဂါအတွက် သူ စားနေကျ တြိဂံပုံစံ ဆေးပြား VICK တို့သည် ၃ နှစ်ကြာအောင် သိမ်းဆည်းထားခဲ့သောကြောင့် ပုလင်းနံရံကို အနီရောင် အစွန်းအထင်းများ ဖြစ်စေလျက် ကပ်စေးနေကြသည်။ ဒါဟာ အပြီးတိုင် ဆုံးရှုံးမှုများလား...။

သူ၏ နေရပ်လိပ်စာကို မိမိ ရှိသမျှ စည်းစိမ်ကို ပုံအော၍ ဝယ်လို့ရလျှင် ဝယ်ချင်ပါသည်။ သူ ဘယ်လို မိုးကောင်းကင်အောက်မှာ ရှိနေပါသနည်း။ သူ တစ်နေရာရာမှာ ပျော်ရွှင် ကျန်းမာနေကြောင်း သူမ မြင်တွေ့ချင်သည်။

သူ ပြန်လာချင်လည်း လာမည်။ မလာဘဲလည်း နေနိုင်သည်။ သို့မဟုတ် သူ...ဤကမ္ဘာမြေပေါ်တွင် ရှိချင်မှလည်း ရှိတော့မည်။ သူနှင့် ပတ်သက်သမျှ ဘာမဆို ဖြစ်နိုင်ပါသည်။

ဧည့်ခန်းနံရံများ၊ တိုင်များပေါ်တွင် ရှုပ်ပွ ပြည့်နှက်နေသော နာရီအမျိုးမျိုးကို ငေးမောနေမိသော သူမသည် နာရီ တစ်ခုတလေများ ဆက်သွားနေမလားဟု စူးစမ်းလေ့လာကြည့်သည်။ နာရီအားလုံး ငြိမ်သက်နေ၏။ တချို့က ပင့်ကူမျှင်များ ရစ်တွယ်နေသည်။ တိုင်ကပ် နာရီများ၏ သစ်သားအိမ်နံရံတို့တွင် ဖုန်တက်နေသည်။ ဒီနာရီတွေဟာ ဘာများ အဓိပ္ပာယ်ရှိလို့လဲကွယ်။ သူမသည် အားလျော့ စိတ်ပျက်စွာ မျက်နှာလွှဲလိုက်၏။

လေမုန်တိုင်း ပြီးဆုံးပြီးနောက်၊ စတုတ္ထအကြိမ်အဖြစ် မှန်ပြောင်းကို ကိုင်ယူလိုက်ပြန်သည်။ သူဟာ သူ့ကို ရှာဖွေ မျှော်ကြည့်နိုင်ဖို့အတွက် များ ဒီမှန်ပြောင်းကို ထားရစ်ခဲ့လေသလားနော်။ ဤအတွေးမျိုး သူမ၌ မကြာခဏ ပေါ်ပေါက်ခဲ့ဖူးသည်။ ဤမှန်ပြောင်းသည် သူ ဖဲနိုင်လာခဲ့သော တန်ဖိုးကြီးပစ္စည်းတစ်ခု ဖြစ်၏။ သူမ... အပြင်ဘက်သို့ မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။ ခါတ်မီးတိုင်နှင့် လျှပ်စစ်ဝါယာကြိုးများကို အလျင်ဆုံး တွေ့ရ၏။ ထို့နောက် ခရမ်းပြာရောင် စွယ်တော်ပွင့်များ... ။ မှန်ပြောင်းကို နည်းနည်း ရွှေ့လိုက်သောအခါ မိုက်ကရိုဇော့ဖ် မျှော်စင်...။ ဟင့်အင်း... မဟုတ်သေးပါဘူး။ အောက်သို့ နည်းနည်း ပြန်ချလိုက်သောအခါ ရွှေ့လျား နေသော လိမ္မော်ရောင်တန်းကို မြင်ရသည်။ ဘာများပါလိမ့်။

'ဘိက္ခုဝေ... အိုနာသေရေး ဒုက္ခဘေးမှ ကင်းဝေးလိုကြား အို... ချစ် သားတို့...'

ကြည်လင်လှပ၍ ဆွတ်ပျံ့ဖွယ် ဖြစ်သော်လည်း ဘယ်တုန်းကမျှ ကြားရကောင်းစေဟု မတောင်းတခဲ့ဖူးသော တရားသံပါတကား။ မှန်ဘီ လူးဆုံတာကို ပြင်၍ ချိန်ကြည့်သောအခါ သံဃာတော်ဆောင်းသော ထီး များ စီတန်း ရွေ့လျားနေသည်။ သင်္ကန်းအဝါရောင်များ...နောက်မှ သီလ ရှင်များ...။ 'ပုရိသေန ဝါ နွယ်လာဖခင်၊ ယောကျ်ားပင်ဟု၊ ခေါ်တွင် မှတ်သား၊ အမျိုးသားများသည် လည်းကောင်း၊ ဂဟာဌ္ဌေနဝါ...'

ထို့နောက် ဘုတာရုံခေါင်မိုး၊ ထို့နောက် ဆင်ဝင်ပေါက်။ အနည်း ငယ် လှည့်ယူပြီး၊ တစ်သတ်မှတ်တည်း ချိန်ထားလိုက်တော့သည်။ ဘူတာ ရှေ့တွင် ဂျစ်ကား နှစ်စီး ရပ်ထား၏။ ကားမောင်းသူများ ကားဘေးမှာ ရပ် ၍၊ အသုဘလာမည့် လမ်းကို မျှော်ကြည့်နေဟန် ရှိ၏။ သူမ မသိသော မျက်နှာများ ဖြစ်သည်။ ဤမြို့ငယ်ကလေးတွင် သူမ အသိအကျွမ်း နည်း ပါးသေးသည်။ ပြောင်းရွှေ့လာသည်မှာ မကြာသေးသောကြောင့် ဖြစ်သည်။

ဤမြို့ကလေးသို့ အလုပ်ပြောင်းရွှေ့ရမည်ဟု သိရစဉ်က ပထမဆုံး ပူပန်မိသည်မှာ သူ၏ အိမ်ပြန်ခရီးအတွက် ဖြစ်သည်။ သူသည် အလျင် တုန်းကလည်း တစ်စုံတစ်ရာ မပြောဘဲ အိမ်မှ ဖဲ လစန့် ထွက်သွားပြီး ဘာမျှ အကြောင်းမကြားဘဲ ဗြုန်းဆို ပြန်ရောက်လာခဲ့ဖူး၏။ အဲဒီတုန်း ကတော့ မြင်းခွာသံကိုသာ သူမ စောင့်ခဲ့ရသည်။ လည်ပတ်နေသော လှည်း ဘီးထောက်တိုင်များအကြား မြင်းရိုက်ကြိမ်လက်ကိုင်ကို ခပ်ဖွဖွ ထိသွင်း

၍ တစ်ဒေါက်ဒေါက် မြည်သံပေးပြီး၊ အပြင်းမောင်းနှင်လာမည့် မြင်းလှည်း တစ်စီး၏ အသံကိုပေါ့ . . . ။ မျှော်လင့်သည့်အတိုင်း တစ်ညနေတွင် ခြံထဲအထိ မောင်းဝင်လာသော မြင်းခွာသံကို ကြားရ၏။ ထို့နောက် လှေကားကို တစ်ဒိုင်းဒိုင်းမြည်အောင် ပြေးတက်လာသော ခြေသံ။ ထို့နောက် ဖျဉ်ခင်းကြမ်းပြင်ကို ရှပ်တိုက်နင်းလာသော အသံ။ ထိုနောက် မီးပူကို ဘေးသို့ ထောင်ချ၍ နောက်လှည့်ကြည့်လိုက်သောအခါ အခါတိုင်းကဲ့သို့ အပြင်မှ ပြန်လာသော မျက်နှာထားမျိုးဖြင့် သူ့ကို တွေ့လိုက်ရတော့သည်။

ယခုတစ်ကြိမ် သူ ပြန်လာခဲ့လျှင်၊ သော့ပိတ်ထားသော သူ့အိမ်တံခါးကို ကြည့်ပြီး သူ စိတ်ထိခိုက်သွားတော့မှာပဲ . . . ။ ညပေါင်းများစွာသောကရောက်ခဲ့ရပြီးနောက်၊ သတင်းစာမှ ကြော်ငြာသည့်နည်းကို ရွေးချယ်လိုက်သည်။ သူသည် သတင်းစာကြည့်လျှင် လက်ထပ်သတင်း၊ ရုပ်ရှင်သတင်း၊ နာရေးသတင်း၊ ကြော်ငြာကဏ္ဍကို အလျင်ဆုံး ကြည့်တတ်၏။ သူ . . . သူမ၏ 'အိမ်ပြောင်းရွှေ့ခြင်း' ဟူသည့် ကြော်ငြာတိုကလေးကို တွေ့သွားမှာပါ။ ပြောင်းရွှေ့သူ ကာယကံရှင်၏ နေရာတွင် သူမ ရေးထည့်ပေးလိုက်သော သူ ခေါ်နေကျ နာမည်ကို မှတ်မိသွားမှာပါ။ မိမိ ဇနီးကို 'လေဒီ . . . ' ဟု ခေါ်သူ အမျိုးသား ဘယ်နှစ်ယောက်များ ရှိမည်နည်း။

'ပိယေဟိ . . . ချစ်ခင်စုံမက် မခွဲရက်အောင်၊ ခွဲချက်နာနာ ချစ်ရပါသော၊ မနာပေဟိ . . . တွေ့ရတော့ ကြည်လင်မြင်ရလျှင် အချစ်ပွား၊ ကြားရတော့ ရွှင်ပြုံး စိတ်နှလုံး အလိုကျသဖြင့်၊ ဒီဘဝ မခွဲတမ်းဟု ခွဲလမ်းကာနေကြသည့် ချစ်စရာမှန်သမျှ ချစ်သူတွေ အနန္တကိုနှင့် . . . ၊ နာနာဘာဝေါ အရပ်တစ်ပါး ပြောင်းရွှေ့သွား၍ အနားကခွာ . . . တစ်ပါးရွာသို့ ဝေးစွာ ကြဉ်ဖယ် အစဉ်လွဲသဖြင့် ရှင်ကွဲ ကွဲရခြင်းသည် လည်းကောင်း . . . '

မှန်ပြောင်းထဲမှ ဘူတာရုံဆင်ဝင်ပေါက်တွင် လူအများ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ မီးရထား လာတော့မှာလား . . . ။ မျက်ရည်ရစ်ဝဲနေသော မျက်စိကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပစ်လိုက်သည်။

'မေ . . . ရုပ်နာမ်နှစ်ဖြာ ရရှိလာသော ငါ့အား၊ အနတ္တီတောတိမလွဲသာ မလွန်ဆန်နိုင်ချေပါတကား ဟူ၍၊ အဘိဇ္ဈာ နေ့ရောညပါ ဘယ်နေရာမှ၊ ချိန်ခါမပြတ်၊ ပစ္စဝေက္ခိတဖွဲ့ သတိထင်ထင်၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။'

စိတ်နှလုံးကို သိမ်းကျုံးယူငင်သကဲ့သို့ ဝမ်းနည်းတုန်လှုပ်စေတတ်

သော ထိုအသံသည် နားထဲသို့ တွန်းထိုး၍ ဝင်ရောက်လာပြန်သည်။ ထို အသံသည် သူမ၏ အိမ်ရှေ့အထိ ရောက်လာလိမ့်မည်။ အသုဘတော့် တော်များများ သူမတို့ လမ်းမှ ဖြတ်သွားတတ်ကြပါသည်။ မွေးနေ့မင်္ဂလာ ကျင်းပမည့် အိမ်ရှေ့တွင် အသုဘ ဖြတ်သွားခြင်းမှာ သိပ်မကောင်းလှပါ။ ဤနေရာ၌ သူမတို့သည် အသုဘထမ်းစင်ကို အ, မင်္ဂလာ လူသေအလောင်း တစ်ခု အဖြစ်သာ မြင်၍ ယာဉ်တစ်ခုအဖြစ် မမြင်တတ်ကြသေးချေ။

ဟော...သူမ အလွန်တရာ ကြားချင်နေသော အသံတစ်ခုသည် အဘိဇာသုတ် ရွတ်သံကိုပင် လွှမ်းမိုးလျက် ကျယ်လောင်စွာ နီးကပ်လာပြီ။

မီးရထား ဥသြသံ ဖြစ်၏။ သူမ မောပန်း၍ ရင်ခုန်လာသည်။ နေ့စဉ် ရထားဆိုက်ချိန်တိုင်း ခံစားရသော ဝေဒနာ ဖြစ်၏။ သူ...ဤရထားဖြင့် ပါမလာဘူးဟု မည်သူ ပြောနိုင်မလဲ။ မှန်ပြောင်းကို ဘူတာဆီသို့ ချိန်ထား သော်လည်း မျှော်လင့်ချက်သည် လျော့နည်းသွား၏။

သူ ပြန်လာမှာ ဟုတ်ပါ့မလား...သူ့ မွေးနေ့ကို သူ မရှိဘဲ ကျင်းပ ခဲ့ရတာ အခုဟာနဲ့ဆိုရင် တတိယအကြိမ်တောင်။ အို...ဘာပဲဖြစ်ဖြစ် သုံးဂဏန်းဟာ ကိုယ့်အတွက် ကံကောင်းနေကျပဲ၊ သူ လာကို လာမှာ၊ သူ့ မွေးနေ့မှာ ပျော်ရွှင်စေချင်တဲ့ အထိမ်းအမှတ်နဲ့ကို ပြန်လာမှာ၊ သူ့ရဲ့ ၂၇ နှစ်မြောက်မွေးနေ့မှာလေ...။

သို့သော် ဆင်ဝင်ပေါက်မှ ရထားဆင်း ခရီးသည်တို့ကို စတင် မြင် လိုက်ရချိန်မှာပင် မှန်ပြောင်းကို ဖယ်လိုက်၏။ ပြတင်းမှ နောက်ဆုတ် နောက်ဆုတ် ခွာလာပြီး စားပွဲသို့ ပြန်လာခဲ့သည်။ မွေးနေ့စားပွဲမှ ဖဲချပ် ကလေးများကို စုပြုံသိမ်းကျုံးရင်း ပင်ပန်းကြီးစွာ စိတ်ကို ထိန်းနေရသည်။

ပြန်ကြည့်လိုက်ရမလား...ဟင်...သူ့ကို မြင်လိုက်ရလျှင် ကြို့တင် ၍ ဝမ်းသာတုန်လှုပ်ရတာပေါ့။ ဒါမှ သူ အိမ်ပေါ်တက်လာတဲ့အခါ အရင် တစ်ခါကလို ရုပ်ပျက်ဆင်းပျက် အံ့သြမသွားဘဲ ထိန်းချုပ်ထားနိုင်မှာ၊ ဣန္ဒြေ နဲ့လေ...။ 'သြော် မောင် ပြန်လာပလား၊ ပျော်ရွှင်စရာမွေးနေ့လေးပါ...'။ အလုပ်က ပြန်လာတဲ့ ယောကျ်ားလို တည်တည်ငြိမ်ငြိမ်ကလေး နှုတ်ဆက် လိုက်ချင်သည်။ သို့သော်...နောက်တစ်ကြိမ် ဘူတာဆီ မကြည့်လိုပါ။ မကြည့်ရဲတာလည်း ဖြစ်နိုင်သည်။ ထောင့်ဖဲများ၊ ညှင်းဖဲများကို ဂဏန်း စဉ်အတိုင်း၊ အရောင်တူအတိုင်း၊ တန်းစီထပ်နေရင်း မိန်းမတစ်ယောက်၏ ဘဝကို ပထမဆုံးအကြိမ် မဟုတ်ဘဲ စက်ဆုပ်လာ၏။

'တို့နှစ်ယောက်ကြားမှာ ဘာမှ မရှိဘူး၊ အဆိပ်တွေပဲ ရှိတယ်...'

သူ ဘာသဘောနှင့် ဤစကားကို ပြောခဲ့မှန်း မသိပါ။ သူမ သူ့ကို စွဲလမ်းခဲ့ရသည်မှာတော့ သူ၏ လုပလုံးဝန်းသော အောက်နှုတ်ခမ်းကြောင့် မဟုတ်။ အနည်းငယ်မျှ လှိုင်းတွန့် မရှိဘဲ ဖြောင့်စင်းအုပ်ဆိုင်း၍ ကော့ ညွတ်သော ဆံပင်များကြောင့် မဟုတ်။ နူးညံ့ ဝါညက်သော ရယ်မောသံ ကြောင့်လည်း မဟုတ်မူ၍ ဖဲရိုက်ရင်း သူများကို စာကျယ်ကျယ် ဖတ်ခိုင်း ပြီးနောက်၊ ချက်ချင်း ပြန်လည် ရှင်းပြနိုင်သော အလွန်တရာ ထက်မြက် သည့် သူ့မှတ်ဉာဏ်ကြောင့်သာ ဖြစ်လေသည်။ ထို့ကြောင့်လည်း သူမ အနေဖြင့် မိမိ ဦးနှောက်ကိုသာ ထပ်ခါထပ်ခါ ရွေးချနေခဲ့မိ၏။ ထို့ကြောင့် လည်း မြူကဲ့သို့ ပါးလွှာသော ချစ်စဖွယ် အငွေ့တစ်ခုကို အမိဖမ်းဖို့ လွှန် စွာ နောက်ကျခဲ့ရ၏။ ယခုမှ သူမ နောင်တရသည်။ သူ လိုချင်သည်မှာ သူမ၏ ရွှေရောင်ဝင်းလက်နေသော ဦးနှောက် မဟုတ်ခဲ့ပါ။

'အခုတော့ ကျွန်မဟာ မောင့်အတွက် စိတ်ငြိမ်ဆေးအဖြစ်တောင် အသုံးမဝင်တော့ဘူးလားကွယ်...'

ဖဲချပ်များကို ကြာမြင့်စွာ စိုက်ကြည့်နေရာမှ စားပွဲပေါ်တင်ထား သည့် လက်နှစ်ဘက်ပေါ်သို့ မျက်နှာကို မှုးဝေစွာ မှောက်ချလိုက်သည်။ ခဏလေးသာ ကြာသည်။

ထိုအခိုက်အတန့်ကလေးမှာပင် အိပ်ချင်မူးတူး ရီဝေနေသော သူမ သည် တစ်စုံတစ်ခုကြောင့် ဖျတ်လတ်သွားခဲ့၏။ လျှောင်လျှပ်သလို အိမ်က ငြိမ့်ခနဲ လှုပ်သွားသောကြောင့်။ နောက်ပြီး သူမ အနီးမှာ တစ်ယောက် ယောက် ရှိနေသလို အာရုံက ခံစားရသောကြောင့်။ နောက်ပြီး မွှေးရနံ့ တစ်ခု။ ဘုရားရေ... ဆိုလာ ချွေးနံ့ပျောက် ဆေးရနံ့ဟု သူမ မှတ်မိသည်။

သူမ ဘယ်လောက် ဝမ်းသာ တုန်လှုပ်သွားသည်ကို ဘယ်တော့မျှ ဖော်ပြနိုင်စွမ်းမည် မဟုတ်တော့ပါ။ ဖြုန်းခနဲ တုန်တုန်ယင်ယင် မတ်တတ် ရပ်ပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။

လှေကားထိပ်မှာ သူ...။ အကျယ်ကြီး အော်ဟစ်ငိုယိုပြီး ပြေးသွား ဖက်ပွေ့လိုသော်လည်း၊ မယုံကြည်နိုင်သော လက်နှစ်ဖက်က စားပွဲစွန်း ကို တင်းကျပ်စွာ ဖျစ်ညှစ်ထား၏။ သူမ ခြေထောက်များ အကြောသေ နေသလို လေးလံနေကြသည်။

ဘုရား...ဘုရား...သူ...တကယ် ပြန်လာတာပါရဲ့လား။

'လေဒီ...'

သူ့အသံမှာ မယုံကြည်နိုင်စရာ တိုးတိုးကလေး၊ ဝေးလံသော အရပ်မှ လာရသလို သဲ့သဲ့လေး ဖြစ်သည်။ ထင်တော့ ထင်နေခဲ့သားပဲ။ ဒီတစ်ခါ မွေးနေတော့ သူလာမှာပါ...လို့။ သူမတို့ နှစ်ယောက်စလုံး တစ်ယောက်နှင့် တစ်ယောက် ဖက်မွေ့ နှုတ်ဆက်ခြင်း မရှိဘဲ တစ်ယောက်ကို တစ်ယောက် အံ့ဩတကြီး မောပန်းစွာ စိုက်ငေးနေကြသည်။ သူသည် နီညိုရောင် ရှန်အကျီလက်ရှည်ကို ဝတ်ထားသည်။ ဘောင်းဘီက အနက်ရောင်များသော နီညိုရောင် ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ဝတ်စုံပါလား။ သူမ သူ့ကို စတင် ချစ်ကြိုက်မိစဉ်က လက်တွေ့ခန်း တစ်ခုမှာ သူ ဤဝတ်စုံ ဝတ်လာခဲ့သည်။ သူဟာ ဘာမျှ မပြောင်းလဲသေးပါလား။ ထိန်းချုပ်လျက်က မျက်ရည်တို့သည် အဆီးအတား မရှိ ဖိတ်အန်ကျလာပြီး သူမ ရှုးနမ်းစွာ ပြုံးရယ်လိုက်လေသည်။ နောက်ဆုံးတော့ သူ ပြန်လာတာပဲပေါ့။

ဒီအိမ်ကို တော်တော် ရှာရသေးလားဟင်...။

မဟုတ်သေးပါဘူး။ သုံးနှစ်ခန့် ခွဲခွာနေရသူ ခင်ပွန်းသည်နှင့် ပြန်တွေ့ရစဉ် ပထမဆုံးပြောသည့် စကားသည် ဤကဲ့သို့ ပေါ့ပျက်ပျက် မနိုင်သင့်ပါ။

မောင်... ဘယ်ကိုသွားနေတာလဲဟင်... ။

မဖြစ်သေးပါ။ သူသည် သူ့ကိစ္စ သူများ စပ်စုခြင်းကို မကြိုက်တတ်ပါ။

မောင့်ကို ... ကျွန်မ နေ့တိုင်း မျှော်နေတာ ... ။

ဟင်းအင်း...ရိုးစင်းလွန်း၏။ စိတ်မှ လှုပ်ရှားမှုကို နှုတ်မှ ဖော်ပြလိုက်လျှင် သေးငယ်သွားမှာ...ဟု စိုးရိမ်နေမိ၏။ နှစ်ယောက်စလုံး မလှုပ်မယှက် ငေးစိုက်နေကြဆဲ ဖြစ်သည်။ နေစမ်းပါဦး။ သူ့မျက်နှာသည် တစ်ခုခု လိုအပ်နေသည်။ တစ်ခုခု လစ်ဟာနေသည်။ သူမဆီသို့လည်း အပြေးအလွှား လှမ်းလာဖို့ စိတ်ကူးဟန် မတူပါ။ လျော့ရဲရဲ ရပ်နေသော သူ့ကိုယ်ခန္ဓာကိုယ်သည် အနည်းငယ် ယိုင်နေ၏။ သူ လဲကျသွားတော့မည်ဟုပင် ထင်လိုက်၏။ သူမ လှေကားဆီသို့ အပြေးလျှောက်သွားသည်။ သို့သော် သူမ ခြေထောက်များ ကြမ်းပြင်တွင် အမြစ်တွယ်နေသလို လေးလံစွာ နေးကွေးနေကြ၏။

'နေကောင်းရဲ့လားဟင်...'

အို…သူ့မျက်လုံးများသည် စိမ်းလက်နေကြသည်။ ရင်းနှီးနှစ်လို ခြင်း လုံးဝ မရှိသည့် အစိမ်းရောင် မျက်လုံးတို့၏ အငွေ့သည် သူမ နှလုံး သားကိုပင် အေးစက်သွားစေ၏။ တွဲပွေ့မည့် သူမလက်များ လေထဲတွင် တန့်သွားသည်။

သူ…သူမကို ကြည့်နေခြင်း မဟုတ်။ နံရံများနှင့် တိုင်များတွင် ရှုပ်ယှက်ခက်နေသော မေ့မြောနေသည့် နာရီတို့ကို ငေးကြည့်နေခြင်း ဖြစ် သည်။ သူ…အံ့သြနေသလား၊…ထို့နောက် တစ်စုံတစ်ခုကို သတိရသွား သလို အရေးတကြီး မျက်နှာထား ဖြစ်သွားပြီး၊ ဖြုန်းခနဲ နောက်ပြန် လှည့်ဆင်းသွားသည်။ အို…သူ…ကားခ မပေးခဲ့ရသေးဘူးလား။ သို့ မဟုတ် ကားပေါ်မှာ ခရီးဆောင်အိတ် မေ့ကျန်ခဲ့သလား…မည်သို့မျှ နား မလည်နိုင်ပါ။ သူမသည် နောက်တစ်ကြိမ် သူ ထွက်သွားမှာကို မလိုအပ် ဘဲ အစိုးရိမ်ပိုသွားမိ၏။ ထို့ကြောင့် သူ့နောက်မှ လှေကားအတိုင်း သူ ဆင်းသလို တဒိုင်းဒိုင်း မြည်အောင် ပြေးဆင်းလိုက်သွား၏။

'ဘာမေ့လို့လဲ ဟင်…'

ရင် တဒိတ်ဒိတ်ခုန်နေပြီး အရာရာကို မယုံကြည်နိုင်သော စိတ် ကြောင့် သူမ အသံမှာ လှုပ်ခတ်လျက် ရှိသည်။ သူ ဘာမျှ မဖြေပါ။ အိမ် ရှေ့ ခြံဝန်းထဲတွင်လည်း အငှားကား မရှိပါ။ သူသည် နောက်ပြန်လှည့် မကြည့်ဘဲ မြေနီလမ်းအတိုင်း ခြံရှေ့အထိ ကွေ့ပတ်ဆင်းသွားသည်။ တစ်စုံတစ်ရာကို အလျင်လိုနေဟန် ရှိ၏။ သူမသည် မြင်လွှာအောက်မှ သူ ပျောက်ကွယ်သွားမှာကို လွန်စွာ စိုးရိမ်လျက် အပြေးအလွှား လိုက်သွား နေသည်။ သို့သော် ခြံရှေ့က လူစုလူဝေးမှာ များပြားလွန်းသည်။ စုပြုံ တွန်းထိုးနေသော လူအုပ်ကြားတွင် သူ့အင်္ကျီ နီညိုရောင်ကို ရုတ်ခနဲသာ မြင်လိုက်ပြီး လူအများနှင့် ရောနှောပျောက်ကွယ်သွား၏။ သူမ ရုတ်တ ရက် ဝမ်းနည်းအားငယ်သွားသည်။ 'သူ…ပြန်လာမှာ…' ဟု တစ်ဖက် က တွေးသော်လည်း၊ 'ပြန်မလာဘဲနေရင်…' ဟု စိုးရိမ်စိတ်ကြောင့် ခြံ ရှေ့က လူအုပ်ကြားသို့ လိုက်ရှာရန် သူမ ရှေ့တိုးသွားမိသည်။

ကြေးစည်သံသည် သူမ၏ နားနားတွင် ကပ်ပြီး တီးလိုက်သလို ဆူးဆူးဝါးဝါး ကြားလိုက်ရပြီး ချောက်ချားစရာ အဘိဓာဇ္ဇသုတ် မွေ့တရားသံ ကို ဆွဲဆွဲငင်ငင် ကြားနေရပြန်သည်။

'အန… တီတောတိ… မလွဲသာ၊ မရှောင်သာ၊ မလွန်ဆန်နိုင်ချေ

ပါတကား ဟူ၍…အဘိဏှာ၊ နေ့ရောညပါ ဘယ်နေရာမှ…'

ယခုအချိန်တွင် စည်ကားလှသော အသုဘအပေါ် စိတ်ဝင်စားလွန်းသည့် ပရိသတ်ကြားတွင် သူမ ညပ်နေပြီ ဖြစ်သည်။

'ကိုသုခ'

သူမ၏ စိတ်လှုပ်ရှား နှမြောမှုကို မထိန်းနိုင်ဘဲ သူ ကြားနိုင်သော အသံဖြင့် ခပ်ကျယ်ကျယ် အော်ခေါ်လိုက်မိ၏။ သို့ရာတွင် သူမ၏ အသံသည် ရှိက်ကြီးတငင် ငိုကြွေးလိုက်သော မသာရှင် မိန်းမကြီးတစ်ဦး၏ အက်ကွဲသော ငိုသံအောက်မှာ နစ်ဝင်သွားတော့သည်။ ရုတ်ရုတ်သဲသဲ ဖြစ်နေသော လူအုပ်ကြီးသည် ဗုံရှည်သံနှင့်အတူ ရှေ့သို့ တရွေ့ရွေ့ တိုးနေသည်။

'ငယ်ငယ်ကလေးနဲ့ မုဆိုးမ ဖြစ်ရတယ်နော်'

'သေတဲ့ ကောင်လေးက နှစ်ဆယ့်ခုနစ်နှစ်တဲ့'

'မရဏာမမွှော…တိုက်ခန်းအိမ်ရာ အဖြာဖြာမှ ဥစ္စာစီးပွား ဆွေမျိုးများနှင့်…'

စကားတီးတိုးသံနှင့် အသံချဲ့စက်မှ တရားသံတို့သည် ကွဲအက်ကျိုးပျက်လျက် သူမဆီသို့ လွင့်စဉ်လာ၏။ သူမ၏ ရင်တွင်း၌ အဆမတန်နာကျင်သွားလေသည်။

သူ…ဘယ်ကိုများ သွားတာပါလိမ့်…။ သူ ဘာဖြစ်လို့ ချက်ချင်း ပြန်ထွက်သွားတာပါလိမ့်။ သူ…စိတ်ဆိုးနေတာလား၊ … ယခုအခါ ဘာမှန်းမသိသော သောကများနှင့်အတူ ကျောထဲက စိမ့်လာခဲ့ပြီ။

'ဖဲဝိုင်းမှာ ဓားထိုးခံရတာဆို…'

'လည်းချင်းဖက်ကာ…နေလိုပါလျက်…ရှောင်ခွာကျဉ်ဖဲ'

ကြက်သီး ဖြန်းခနဲထသွား၏။ တစ်ကိုယ်လုံး တုန်ယင်ပြီး နားထဲသို့ လေတဝုန်းဝုန်း တိုးဝင်နေသည်။ သူမ ခြေထောက်များ ယိမ်းယိုင်နေ၏။

'ကိုသုခ…'

ဒီတစ်ကြိမ်တွင် သူမ အသံမှာ သူမကိုယ်တိုင် သဲသဲကွဲကွဲ မကြားနိုင်အောင် တိမ်ဝင်သွား၏။ ဤများပြားလှသော လူအုပ်ရှေ့တွင် သူမ ဟစ်အော်ငို၍ မဖြစ်နိုင်ပါ။ ထိန်းချုပ်၍ မရသော မျက်ရည်တို့သည် တစ်လိမ့်ချင်း လိမ့်ကျနေသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် မူးနောက်နေလျက်က ခြေဖျားထောက်၍ လူအုပ်ကိုကျော်ကာ အလောင်းစင်ကို လှမ်းကြည့်မိသည်။

အမလေး…။

သူမ နှလုံးခုန်ခြင်း ရပ်တန့်သွား၏။

ကျွန်းသားခေါင်း၏ ခြေရင်းမှာ ချိတ်ထားသော ဓာတ်ပုံထဲက မျက်နှာသည် သူ့မျက်နှာပါလား။ သွေးကြောထဲသို့ အကောင်ငယ်ကလေးများစွာ စီးဝင်နေသလို တဆစ်ဆစ် ကြွတတ်၍ သွေးတွေ ဆူဝေသွားသည်။ သွေးကြောများ တဒိန်းဒိန်း ဆောင့်တိုး လှုပ်ရှားသွားသည်။ တစ်ချက်ချင်း ဆောင့်တီးသော ဗုံသံကြောင့် နှလုံးသည် လည်ပင်းဆီသို့ ဆို့တက်၍ ပျို့အန်ချင်လာသည်။

ဘာတွေလဲ ... ဘာတွေ ဖြစ်ကုန်တာလဲ ... ။

ထိုမျက်နှာသည် သူ့မျက်နှာ ဖြစ်သည်။ သေတာ ဘယ်သူလဲ၊ သူမသည် အနီရောင် နှင်းဆီပန်းခွေမှ စာတန်းကို အသက်မရှုမိဘဲ လှမ်းဖတ်၏။ သူမ မျက်စိများ ပြာဝေနေသည်။ အဝါနုရောင် ရိပ်ဖြူသည် လက်ခနဲ လက်ခနဲ အရောင်ပြန်နေသည်။ ခရီးကလည်း အတန်ဝေးသွားပြီ။ ကွဲကွဲပြားပြား မဖတ်နိုင်ပါ။ ဒါ ဘယ်သူလဲ... ဘယ်သူ့ အသုဘလဲ...။

'ကျွန်မကို ဘယ်သူမှ မကယ်နိုင်တော့ဘူးလား'

အလွန်အမင်း စိတ်လှုပ်ရှားနေသောကြောင့် ခုန်တက်လာသော နှလုံးရှိရာ လည်တိုင်အောက်ခြေကို လက်ဖြင့် တင်းကျပ်စွာ ဆုပ်ညှစ်၍ ဖိတွန်းထားလေသည်။

'ဘယ်သူလဲဟင်... သေတာ ဘယ်သူလဲ...'

သူမ အမေးကို ဖြေမည့်သူ မရှိတော့ပါ။ လူစုက တဖြည်းဖြည်း ကွဲသွားသည်။ ဖုန်အလူးလူးဖြင့် ပိုက်ဆံလုကောက်နေကြသော ကလေးများသာ ကျန်ရစ်ခဲ့၏။ တစ်ခဏအတွင်း ဦးနှောက်ပျက်သွားတော့မည်ဟု ထင်ရသည်။ ကိုးကွယ်ရာမဲ့စွာ တစ်ယောက်တည်း ငေးကြောင်၍ ရပ်တန့်နေရာမှ ဝေးသွားသော အသုဘ ထမ်းစင်ရှိရာသို့ နောက်တစ်ကြိမ် ခြေဖျားထောက်၍ ကြည့်မိပြန်သည်။ မျက်ရည်များဖြင့် ပြည့်လျှံနေသော မျက်လုံးသည် နေရောင်ဖြင့် လက်နေသော ရိပ်ဖြူစကိုသာ ပြာဝေစွာ မြင်ရသည်။

မောင် ဘယ်ရောက်သွားတာလဲ...။

ရုတ်တရက် သူမ ခြံထဲသို့ ပြန်ပြေးဝင်သွား၏။ အိမ်ထဲ ဝင်မိသောအခါ အိမ်ထဲမှာ သူ့ကို ရှာဖွေဖို့ မကြိုးစားတော့ဘဲ လှေကားမှ ရှူးသွပ်စွာ ပြေးတက်သွားတော့သည်။ အိမ်ပေါ်ရောက်လျှင် ဧည့်ခန်းမှာ ရှုပ်ပွနေသော

နာရီအမျိုးမျိုးကို ခဏသာ ကြည့်လိုက်၏။ စားပွဲပေါ်မှ အဝေးကြည့်မှန်ပြောင်းကို ကောက်ယူလျက် ဝရန်တာသို့ အပြေးထွက်သွားသည့် အသူဘသည် ဝေးသွားပြီဖြစ်သော်လည်း သာမန်မျက်စိဖြင့် ထမ်းစင် တစ်ခုမှန်းတော့ သိနိုင်ပါသေးသည်။

မှန်ပြောင်းကို မျက်နှာဆီ ပင့်ယူ၍ မှန်ဘီလူးဆုံတာကို အလောတကြီး လှည့်ယူသည်။ ဝေဝါးသော အရောင်စုံများ၊ အုပ်ဆိုင်းသော အစိမ်းရောင် သစ်ပင်များ၊ ထို့နောက် တဖြည်းဖြည်း ကြည်လင်လာသောအခါ မည်းနက်သော ဦးခေါင်းအစုအဝေးနှင့် လှုပ်ရှားနေသော လူအုပ်ကို သစ်ရွက်စိမ်းများကြားမှာ ပျောက်သွားလိုက် ပေါ်လာလိုက် မြင်နေရသည်။ သူမ ရှေ့နည်းနည်း ရွှေ့ယူကြည့်သည်။ ထမ်းစင်သည် သီလရှင်တို့၏ နောက်မှာ ရှိသည်။ မှန်ဘီလူးဆုံတာကို အနည်းငယ်ရွှေ့၍ ချိန်ရပြန်သည်။ သူမ ရင်တဒိတ်ဒိတ် ခုန်နေ၏။ မျက်ရည်များကို ဒေါသတကြီး ပွတ်သပ်ဖယ်ရှားလိုက်ပြီး ကမန်းကတန်း ပြန်ကြည့်ပြန်သည်။ သူမလက်များ တုန်ယင်နေပြီး ချွေးများစိုနေသဖြင့် မှန်ပြောင်းသည် မကြာခဏ အောက်သို့ လွတ်ကျတော့မလို ဖြစ်ဖြစ်သွားသည်။

အဝါနုရောင်ပေါ်တွင် ရွှေဝါရောင် စက္ကူမျှင်များဖြင့် မွမ်းမံထားသော အလောင်းစင်။ ထမ်းစင်မှ ဝါးခင်းအစွန်းတို့တွင် ရှေ့နောက်စီတန်း၍ ထမ်းပိုးနေကြသော နောက်စေ့များ၊ လက်များ။ ကျွန်းသားခေါင်းပေါ်မှာ လွှားထားသော ပုဆိုးကွက် ခြေရင်းမှ ခတ်ပုံ၊ ဘုရားရေ၊ ဒါ... သူ့မျက်နှာ အစစ်ပါပဲလား။

သူမ မှန်ပြောင်းကို လိုအပ်သည်ထက် တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ နောက်ဆုံးတွင် သူမ အလွန်အမင်း ကြည့်လိုလျက် မကြည့်ရဲသော လွမ်းသူ့ပန်းခွေကို မြင်လိုက်ရတော့သည်။

သူမ ဘုရားတ,လျက် မှန်ပြောင်းထိပ်ဝက မှန်ဘီလူးတို့ကို လက်ဖြင့် ယောင်မှားစွာ ဖုန်သုတ်လိုက်သည်။

ကိုမြင့်ဝေ၊ အသက်...၂၇ နှစ်

ဟင့်အင်း... သူမ မျက်စိမမှားပါ။ အလောင်း၏ နာမည်မှာ မြင့်ဝေ ဖြစ်သည်။ သူမသည် အဝေးကြည့်မှန်ပြောင်းကို ဘေးသို့ ဖယ်ယူ၍ တစ်ခါမျှ မမြင်ဖူးသလို လှည့်ပတ်ကြည့်ရင်း အံ့သြနေသည်။ မယုံကြည်နိုင်လောက်အောင်ပါပဲလား။ သူမ၏ မျက်စိများကို မှိတ်ပစ်လိုက်ပြီး ခဏ

အနား ပေးထားလိုက်၏။ ထို့နောက် တစ်ဖန် ပြန်ချိန်ကြည့်လိုက်မိပြန်သည်။

ကိုမြင့်ဝေ၊ အသက် ၂၇ နှစ်

'ကိုသုခ မဟုတ်ဘူး'

သက်မဲ့ မှန်ပြောင်းတစ်လက်သည် သူမကို ညာလိမ့်မည် မဟုတ်ပါ။

ဒါဖြင့်... မောင်... မောင် ဘယ်မှာလဲ။ မောင်က ဘယ်ရောက်သွားတာလဲ။ ကိုသုခဆိုသော နာမည် မဟုတ်၍ ကမ္ဘာလောက တစ်ခုလုံးကို စိန်ခေါ်၍ အော်ဟစ် ပျော်ရွှင်ပစ်လိုက်ဖို့ ကောင်းသော်လည်း သူမမှာ ရှိသည့် ရပ်တည်နိုင်စွမ်းသည် တရိပ်ရိပ် လျင်မြန်စွာ ကျနေပြီ။ ယူကျုံးမရ စိတ်သည် ဝိညာဉ်ကို နုတ်ယူသွားတော့မည်။ သူမမှာ အခွံတစ်ခုသာ ကျန်တော့မည်။

ဒါပဲလား။ သုံးနှစ်ကြာအောင် အားတင်းခဲ့ရတဲ့ အဖြေဟာ ဒါပဲလား။

ထိုအခိုက် မှန်ပြောင်းထဲက ခေတ်ပုံသည် အဝေးကြီးမှ သူမ မျက်နှာဆီသို့ တစ်ဟုန်ထိုး နီးကပ်လာသောအခါ သူမ သွေးပျက်ခမန်း ကြောက်လန့်၍ မှန်ပြောင်းကို လွှတ်ချပစ်လိုက်၏။ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ကာကွယ်မိလျက်သား ဖြစ်သွားသည်။

'ဒါပေမဲ့...ဒါပေမဲ့...ခေတ်ပုံထဲမှာတော့ လူတွေဟာ ရုပ်ချင်းဆင်တတ်ကြတာပါပဲလေ'

သို့သော် သူမ ကိုယ်ခန္ဓာထဲမှ သံပတ်များ ပြုတ်ထွက်ကုန်ပြီဖြစ်ကြောင်း သတိထားလိုက်မိ၏။

သူမသည် အားတင်း၍ မွေးနေ့ပွဲ ကျင်းပမည့် စားပွဲဆီသို့ တရွေ့ရွေ့ လျှောက်သွားနေသည်။ ယခုအချိန်တွင် သူမ အတောင့်တဆုံး အရာမှာ သေချာမှု တစ်ခုပင် ဖြစ်သည်။

သစ်တစ်ပင်ကောင်း

## သစ်တစ်ပင်ကောင်း

လောကပတ်ဝန်းကျင်သည် တိတ်ဆိတ်စွာ ငြိမ်းချမ်းလျက် ရှိသည်။ အေးစိမ့်စွာလည်း လန်းဆန်းလျက် ရှိသည်။ ဤရွာကလေးသည် ဘေးပတ်ဝန်းကျင်တွင် တောင်တန်းများ၊ သစ်ပင်အုပ်စုကြီးများ ကာရံထားသောကြောင့် ခရီးသွားလာရေး အနည်းငယ် ခက်ခဲသော ဒေသ ဖြစ်သည်။ ထို့ကြောင့်လည်း ဤရွာကလေးတွင် လူနေ အိမ်ခြေ အလွန်ကျဲပါးသည်။ ပြည်မမှ ဧည့်သည်များ အရောက်အပေါက် နည်းသည်။ ဗုဒ္ဓသာသနာနှင့် သက်ဆိုင်သော သူ့လို ရဟန်းသံဃာတော်များ လာရောက် လည်ပတ်ခြင်း နည်းပါးတူသည်။ ရွာရှိ လူဦးရေ၏ တစ်ဝက်ခန့်သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ကျန်တစ်ဝက်ထဲမှာ တချို့သည် မိရိုးဖလာ ကိုးကွယ်မှုဖြစ်သော နတ်ပူဇော်ကိုးကွယ်ခြင်းကို အမွေထိန်းသိမ်းထားဆဲ၊ ကျန်တချို့သည် ဗုဒ္ဓဘာသာဆိုသည်ကို ကြားဖူးနားဝ ရှိနေသူများ ဖြစ်သည်။

ဤရွာတွင် ပထမဆုံးသော ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို လွန်ခဲ့သည့် ရှစ်နှစ်ကမှ စတင်တည်ထောင်ခဲ့ရသည်။ သူသည် ထိုဘုန်းတော်ကြီးကျောင်း၏ ဒုတိယမြောက် ကျောင်းထိုင်ဘုန်းကြီး ဖြစ်သည်။ အင်္ဂလိပ်ခေတ်ကတည်းက ခရစ်ယာန် သာသနာပြု ဘုန်းကြီး၏ စွန့်စားစွာ စည်းရုံးသာသနာပြုခဲ့သော အကျိုးကျေးဇူးကြောင့် ရွာသားများသည် ခရစ်ယာန်ဘာသာကို ကိုးကွယ် ဆည်းကပ်ခဲ့ကြသည်။ သို့သော် နတ်ကိုးကွယ်သော အုပ်စုလည်း ကျန်နေသေးသည်။ သူ့အရင် ဤကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးသည် ဗုဒ္ဓဘာသာဝင် ရွာများမှာကဲ့သို့ ဆွမ်းခံခြင်း အမှုကို ပြုလုပ်၍ မရခဲ့ပေ။ ရွာသားများသည် ဘုန်းကြီးတစ်ပါးကို ဆွမ်းလောင်းဖို့

.............

ဗျူရတု မဂ္ဂဇင်း ရွှေတောင် ပါဠိတက္ကသိုလ် ရေနံချောင်းမြို့

ကပ်လှူဖို့ ဟူသည့် အသိတရားနှင့် ဝေးကွာလှသည်။ သူတို့ အမြင်တွင် ဤဘုန်းကြီးသည် မိမိတို့ကဲ့သို့ ထမင်းဟင်း ချက်စားရန် ဘာကြောင့် ဝန်လေး နေပါသနည်း။ မိမိတို့မှာ အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်း၊ သစ်ခုတ်ခြင်း၊ သီးနှံစိုက်ပျိုးခြင်းတို့ကို အလှည့်ကျ ဆောင်ရွက်နေရသည်ဖြစ်ရာ ဘုန်းကြီးအား ထမင်းဟင်းချက်ပေးရန် အချိန် မရှိ၊ ဤဘုန်းကြီးသည် ထမင်းဟင်းချက်ပေးမည့် ဇနီးမယား သားသမီး မရှိအပ်လျှင် တပည့်လက်သားတော့ ရှိရပေမည်။ ဤအမြင်မျိုးကို ဘုန်းကြီးထံ စကားပေါက်အောင် သူတို့ကြိုးစားခဲ့ရသည်။ ဘုန်းကြီးကလည်း ဤအမြင်မျိုးကို ဖြေရှင်းရန်အတွက် သူတို့စကားကို နားလည်အောင် ကိုယ့်စကားကို သူတို့ နားလည်အောင် သင်ယူကြိုးစားခဲ့ရ၏။

ဘုန်းကြီးပျံလွန်တော်မူပြီးနောက် ဒုတိယကျောင်းထိုင်ကိုယ်တော်အဖြစ် သူ ဤရွာကလေးသို့ ရောက်လာသောအခါ အခြေအနေသည် အရင်ကလို ခက်ခဲခြင်း မရှိတော့ပေ။ ရှစ်နှစ်တိတိ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတစ်ပါး၏ တစ်ကိုယ်တည်း နေထိုင်မှု၊ ရွာသားများအပေါ် ကူညီစောင့်ရှောက်မှု၊ ပညာသင်ကြားပေးမှု၊ နေမကောင်း မကျန်းမာလျှင် ကုသပြုစုမှု စသည်တို့ကို ရွာသားများ အနည်းအကျဉ်း လက်ခံတတ်လာခဲ့ပြီ။ ထိုအချိန်တွင် သူ ရောက်လာရသည်ဖြစ်ရာ သူ့အတွက် သာသနာပြုခြင်းသည် မူလ ဘုန်းတော်ကြီးလောက်တော့ ပင်ပန်းခက်ခဲခြင်း မရှိပေ။

ရွာသားများထဲမှ ခပ်ရွယ်ရွယ် လူတစ်ယောက်သည် မူလ ဘုန်းတော်ကြီး၏ ကပ္ပိယအဖြစ် ထမင်းဟင်းချက်ပေး၊ ဘုန်းကြီး ဝေယျာဝစ္စကို ပြုစုပေးနေခဲ့သည်မှာ နှစ်နှစ် သုံးနှစ်ခန့် ရှိပြီဟု သူ သိရသည်။ ထိုသူ့နာမည်မှာ သူ သိသလောက် အသံထွက်ဖြင့် ဦးကျုံတန် ဖြစ်သည်။ ရဝမ်လူမျိုးအနွယ် ဖြစ်သည်။ မြန်မာစကား အတော်အသင့် ပြောတတ်လေသည်။

ရွာသားများသည် အများစုမှာ အမဲလိုက်ခြင်းဖြင့် ဟင်းစား ရှာဖွေကြသည်ဖြစ်ရာ ရလာသော အမဲအား ခွဲဝေ ဖြတ်တောက်ပြီး ဘုန်းကြီးကျောင်းသို့ လာပို့လေ့ ရှိသည်။ တစ်ခါတစ်ခါ ဘုန်းကြီးနှင့် တိုက်ရိုက်တွေ့၊ တစ်ခါတစ်ခါ ဘုန်းကြီးနှင့် မတွေ့လျှင်လည်း ဘုန်းကြီးကျောင်းမီးဖိုချောင်ထုပ်တန်းမှာ ထိုအမဲပေါင်ကို ချိတ်ဆွဲ၍ ထားခဲ့လေ့ ရှိသည်။

'အဲဒီမှာ အမဲတစ်ပေါင် ပေးခဲ့ပြီ၊ ချက်စားတော့' ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။ ဘုန်းကြီးဆိုသည်မှာ ကိုယ်တိုင် ထမင်းဟင်း ချက်ပြုတ်စား

ကြသူများ မဟုတ်ကြောင်း ဘုန်းတော်ကြီးက ရှင်းပြသည်ကို သူတို့ နား မလည်နိုင်ပေ။ ကပ္ပိယ မရှိခင်က ထိုဟင်းစား အမဲပေါင် ကိစ္စမျိုးသည် ဘုန်းတော်ကြီးအတွက် ဖြေရှင်းရန် တော်တော် ခက်ခဲသော ပြဿနာ ဖြစ်သည်။ ဘုန်းကြီးကျောင်းဝင်း နောက်ဘက်ခြံမြေတွင် သီးနှံစိုက်ပျိုးခြင်း၊ ထိုသီးနှံကို တခြားစားကုန်ဖြင့် လဲလှယ်ခြင်း စသည်တို့ကို ဘုန်းတော်ကြီး ကိုယ်တိုင် ပြုလုပ်ခဲ့ရဖူးသည်။

ယခုအခါမှာတော့ သူသည် ကပ္ပိယရှိသော ဘုန်းကြီးကျောင်းတွင် ဆွမ်းကိစ္စအတွက် သိပ်အခက်အခဲ မရှိဘဲ သာသနာပြုခွင့်ရနေပြီ။ ရွာထဲတွင် ဗုဒ္ဓဘာသာဝင် အိမ်ခြေ လေးငါးခြောက်အိမ် ရှိပြီ ဖြစ်၍ သူ ဆွမ်းခံနိုင်ပြီ။ ရွာထဲက ကလေးများကို သူသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ စသည်တို့ကို သင်ကြားပေးခွင့်ရပြီ။ ဗုဒ္ဓအကြောင်းကို ပုံပြင်တစ်ပုဒ် ပြောသလို ညစဉ် ပြောပြနိုင်ဖို့ သူသည် ဒေသခံ တိုင်းရင်းစကားကို သင်ကြား တတ်မြောက်ခဲ့ပြီ။

အင်မိုင်ခ မြစ်ဟု ဖြစ်ပေါ်မလာမီ အရင်းအမြစ်ဖြစ်သော နန့်တမိုင် ချောင်းကြီး၏ ကမ်းပါးဘေးတွင် သူ၏ ဘုန်းကြီးကျောင်းကို တည်ဆောက်ထားသည်ဖြစ်ရာ ချောင်းရေးစီးသံ၊ သစ်ကိုင်းသစ်ရွက်တို့၏ တိုးတိုက်လှုပ်ခတ်သံ၊ ကျေးငှက်များ အော်မြည်သံ၊ တောတိရစ္ဆာန်ငယ်ကလေးများ၏ ပြေးလွှား အော်မြည်သံတို့ဖြင့် ပတ်ဝန်းကျင်သည် သာယာချမ်းမြေ့လှပါသည်။ ချောင်းကမ်းပါးထိပ်မှာ သစ်ပင်၊ ဝါးပင် အရိပ်၌ ငြိမ်သက်စွာ ထိုင်လျက် ရေးစီးသံကို နားထောင်သည့်အခါတိုင်း ပါရဂူ၏ 'သိဒ္ဓတ္ထ' ဝတ္ထုထဲမှ သိဒ္ဓတ္ထကို သူ သတိရမိသည်။ ကြည်လင်လှသော ရေသည် လျင်မြန်စွာ ကြမ်းတမ်းစွာ စီးဆင်းလေသည်။ ကျောက်တုံးကျောက်ဆောင်များနှင့် ရေစီးထိတွေ့ရာ အရပ်တို့၌ ရေသည် ရေမှုန်ရေပန်းများအဖြစ် ကမ်းပါး ဆီသို့ပင် ဖွာလွင့်ဝဲပျံလျက် ရှိသည်။

ဤအရပ်သို့ ရောက်လာခဲ့မိသောကြောင့် မိမိကိုယ်ကို ထပ်ကာ ထပ်ကာ ကျေနပ်ရောင့်ရဲမိသည်။

* * *

သူသည် အသက် ၁၁ နှစ်သားအရွယ်တွင် ရွာရှိ မူလတန်းကျောင်းမှ စတုတ္ထ တန်း အောင်မြင်ခဲ့၏။ သူ့ဇာတိမှာ ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာ

အုပ်စုအပိုင် ရွာသစ်ကလေးကျေးရွာ ဖြစ်သည်။ စတုတ္ထတန်းအောင်ပြီးသောအခါ နှစ်နှစ်လောက် အဖေ့လယ်တွင် ကူညီလုပ်ကိုင်ပေးပြီး ၁၃ နှစ်သား အရွယ်တွင် ဥယျာဉ်ကျောင်း ဆရာတော်ထံမှာ ရှင်သာမဏေအဖြစ် ခံယူခဲ့သည်။ ဆရာတော် မှည့်ခေါ် သမုတ်အပ်သော ရှင်သာမဏေဘွဲ့မှာ 'ဇနက' ဖြစ်သည်။

"အဂ်ါသား မောင်ဇံဆိုတော့ ဘွဲ့အမည် 'ဇနက' ပေါ့ကွဲ့"

ဤဘွဲ့အမည်ကို သူ အလွန် နှစ်သက်ပါသည်။ ဘုရားလောင်း မဟာဇနက္ကမင်းကို သူ အလွန် သဘောကျခဲ့ဖူးသည် မဟုတ်လား။ ဆရာတော် ဦးသောဘိတ၏ ကျောင်းမှာ နေထိုင်ရင်း အငယ်တန်း၊ အလတ်တန်းတို့ကို အောင်မြင်ခဲ့၏။ ထို့နောက် ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်မှာ စာသင်ရင်း အကြီးတန်း အောင်မြင်ခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် ထိုနှစ်က အကြီးတန်း အောင်လိမ့်မည်ဟု သူ လုံးဝ မျှော်လင့်မထားခဲ့ပေ။ အလွန် ခက်ခဲပြီး များပြားလှသော ဤကျမ်းစာများကို တစ်နှစ်တည်း ကျက်မှတ် အာဂုံဆောင်နိုင်မည်ဟု သူ မထင်မှတ်ခဲ့။ နှစ်နှစ်လောက်တော့ ဖြေယူရမှာပဲဟု သူ ထင်ခဲ့သည်။ ကံကောင်းထောက်မစွာပင် သူ နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ သူသည် အောင်စာရင်းကို သိရစဉ်က လူငယ်ပီပီ ဟန်မဆောင်နိုင်လောက်အောင်ပင် ပျော်ရွှင်သွားခဲ့၏။ မိမိနေသော ရွှေလရောင်ကျောင်းကြီးပေါ်မှာ နှစ်ပတ်သုံးပတ်လောက် ကျွမ်းထိုးပစ်လိုက်ချင်စိတ်ကို မနည်း အောင့်အည်း မျိုသိပ်ခဲ့ရသည်။

အဖေနှင့် အမေသည် သူ့အတွက် ကျေနပ်ဂုဏ်ယူမဆုံး ရှိခဲ့သည်။ အသက် ၂၀ ပြည့်သည့်အခါ ဥယျာဉ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ထိုအချိန်မှာလည်း သူ၏ ရဟန်းဘွဲ့အမည်သည် အရှင်ဇနကပင် ဖြစ်၏။ ရွာမှ ကျောင်းထိုင်၏ လက်ထောက်အဖြစ် သူ ဆက်လက် နေထိုင်ရန် အဖေနှင့် အမေက ဆန္ဒရှိခဲ့သော်လည်း သူက မဟာဓမ္မာစရိယအထိ အောင်ချင်သည်။ စာတတ်ပုဂ္ဂိုလ်ဖြစ်ချင်စိတ်ကို ချိုးနှိမ်၍ မရခဲ့ပေ။

'ဒကာကြီး ကျုပ် ရန်ကုန်မှာ စာသွားသင်မလို့' ဟု အဖေအား အသိပေးသောအခါ အဖေသည် သူ့အား မတားမြစ်ရက်သဖြင့် သဘောတူခဲ့၏။

ရန်ကုန်မှာ စာသွားသင်ခြင်းဟူသော အမှုကိစ္စသည် လွယ်မယောင်

နှင့် အလွန် ခက်ခဲကြမ်းတမ်းလှလေသည်။ အသိမိတ်ဆွေ ဘုန်းကြီးဟူ၍ မရှိသောကြောင့် ရန်ကုန်မှာ ကျောင်းတစ်ကျောင်းကျောင်း၌ နေထိုင်ခွင့်ရရန် ရက်ပေါင်းများစွာ ကြိုးစားရှာဖွေခဲ့ရသည်။ ဘုန်းကြီးကျောင်း တော်တော်များများသို့ သူ သွားရောက် ချဉ်းကပ်ခဲ့ရသည်။ သူ့အား မည်သည့်ကျောင်းကမျှ လက်မခံနိုင်ပေ။ ဝါဆိုလပြည့်နေ့သို့ ရောက်ခါနီးလေ ကျောင်းတစ်ကျောင်းမှ မရသေးသဖြင့် ရင်ပူလေ ဖြစ်လာသည်။ ရန်ကုန်လာမိတာ မှားပြီဟုလည်း ကိုယ့်ကိုယ်ကို နောင်တရမိ၏။ အဖေ ပေးလိုက်သော ချွေးနီးစာ စုဆောင်းငွေကလည်း ကုန်လုပြီ။ ကျောင်း တစ်ကျောင်းမှ မရဘဲ ဝါဆိုသွားလျှင် သူ ဘာလုပ်ရမည်နည်း။ နေဝင်က နေထွက် သူသည် တစ်လမ်းဝင် တစ်လမ်းထွက် မြို့နယ်ပေါင်းစုံသို့ လျှောက်ရလေသည်။ ဘုရားရှင်တော်မြတ်၏ ဂုဏ်ကျေးဇူး၊ ဆရာတော်ရှင်မြတ်များ၏ ဂုဏ်ကျေးဇူး၊ မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့လျက် သူ သစ္စာဆိုမိသည်။

'တပည့်တော်သည် မြတ်စွာဘုရားရှင် ထားရစ်တော်မူခဲ့သော ဗုဒ္ဓသာသနာတော်ကို လေးနက်ကြည်ညိုစွာ ယုံကြည်သက်ဝင်မိပါ၏၊ ဗုဒ္ဓသာသနာတော် အစွန့်ရှည်တည်တံ့စေရန်နှင့် ပြန့်ပွားစေရန် ကိုယ်စိတ်နှစ်ဖြာဖြင့် အားထုတ်ကြိုးပမ်းပါမည်၊ သာမဏေဘဝ၊ ရဟန်းဘဝတို့တွင် ဗုဒ္ဓသာသနာ၏ အကျိုးကို အမှန်တကယ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်၊ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်ခိုလှုံနိုင်စရာ အရိပ်တစ်ခုခုကို တွေ့ရပါလို၏ အရှင်ဘုရား'

သူ၏ သစ္စာကို သမ္မာဒေဝနတ်မြတ်များ ကြားခဲ့သည် ထင်၏။ သူသည် ဝါဆိုလပြည့်မတိုင်မီ နှစ်ရက်အလို၌ အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်ကျောင်း၌ နေထိုင်ခွင့်ရခဲ့သည်။ အလွန် စည်းကမ်းကြီးသော ကျောင်း ဖြစ်သည်။ ငယ်စဉ်က သူ ဆည်းပူးခဲ့သော ဗေဒင် နက္ခတ်ပညာကြောင့် တစ်ကြောင်း၊ ဥပုသ်သီလပေးရာတွင် တည်ငြိမ်စွာ ဟောပြောတတ်ခြင်းကြောင့် တစ်ကြောင်း သူ့တွင် ဆွမ်းခံအိမ် မရှားပါးခဲ့ပေ။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ပညာသင်ရန် ဝင်ခွင့်အောင်မြင်သောအခါ သူ့ဆွမ်းဒကာ ဒကာမများ စိတ်မကောင်းခြင်း တစ်ဝက်၊ သူ့အတွက် ဝမ်းသာခြင်း တစ်ဝက်ဖြင့် နှုတ်ဆက်ကြလေသည်။

'စာအုပ်စာတမ်းဖိုး ကုသိုလ်ပြုပါရစေဘုရား' ဟု တချို့က ဝတ္ထုငွေ ကပ်လှူကြသည်။

သာသနာ့တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ဖြေဆိုစဉ်ကလည်း အောင်မြင်လိမ့်မည်ဟု မမျှော်လင့်ရဲပေ။ တစ်နှစ် တစ်နှစ်တွင် သံဃာအပါး တစ်ထောင်ဖြေလျှင် ငါးဆယ်ခန့်သာ အောင်မြင်သည်ဖြစ်ရာ ငါးရာခိုင်နှုန်းသာ အောင်မြင်သော စာမေးပွဲဟု ပြောရမည်။ ထိုငါးရာခိုင်နှုန်းတွင် မိမိ ပါဝင်လိမ့်မည်ဟု မည်သူမျှ မျှော်လင့်ရဲမည် မဟုတ်။ ထို့ကြောင့် ဖြေသာ ဖြေရသည် စိတ်က ခပ်ထင့်ထင့်ပင် ဖြစ်၏။ အကြီးတန်း အောင်မြင်ပြီး၍ ဆယ်ဝါထက် မပိုရ ဟူသော စည်းမျဉ်းနှင့် ကိုက်ညီနေသောကြောင့် တစ်ကြောင်း၊ နိုင်ငံရပ်ခြားသို့ သာသနာပြု စေလွှတ်ခြင်း ခံရမည့် အခွင့်အရေးကို မျှော်လင့်သောကြောင့် တစ်ကြောင်း ရသော်ရှိ မရသော်ရှိ ဖြေကြည့်မည်ဟု စာရင်းပေးသွင်းလိုက်ခြင်း ဖြစ်သည်။

ကံကောင်းထောက်မသည်လား၊ နှစ်ပေါင်းများစွာ လေ့လာဆည်းပူး၍ အာဂုံဆောင်နိုင်သော ဉာဏ်ရည်ကြောင့်ပဲလား၊ နှစ်မျိုးလုံးနှင့် ညီညွတ်၍ပဲလား မသိ၊ သူ အောင်မြင်ခဲ့သည်။

နှုတ်ဖြေမေးသော ဆရာတော်ဘုရားတို့၏ ဣန္ဒြေသည် သူ့အား ရင်တလှပ်လှပ်တုန်စေခဲ့သည်။ တစ်ညလုံးလုံး အိပ်ရေးပျက်ထား၍ ကျိန်းစပ်နေသော မျက်လုံးတို့သည် သူ့အား မူးမိုက်ဝေဝါးစေ၏။ မျက်နှာကြက်ပန်ကာ၏ တရွေ့ရွေ့ လည်ပတ်သံသည် သူ့ရင်ထဲအထိ မြည်နေအောင် ကျယ်လောင်လှသည်ဟု ထင်မိသည်။

'ကိုယ်တော့်နာမည်က ရှင်ဇနကဗောဓိ ဟုတ်သလား'

'မှန်ပါဘုရား'

'ဗောဓိက ဘာကြောင့် ထည့်ရသလဲ၊ အကြောင်းရှိသလား'

'မှန်ပါ၊ တပည့်တော်တို့ ကျောင်းတိုက်မှာ ဘွဲ့အမည်ဆင်တူ ဇနကတွေ သုံးပါးရှိပါတယ် ဘုရား၊ ဇနကချင်း ကွဲပြားအောင်လို့ တပည့်တော်သီတင်းသုံးတဲ့ ဗောဓိကျောင်းရဲ့ အမည်ကို နောက်က ထည့်လိုက်ရတာပါ အရှင်ဘုရား'

"ကောင်းပြီ၊ ဗောဓိရဲ့ အနက် ဘယ်နမျိုး သိသလဲ"

မိမိ ယူထားသော အမည်နှင့် ပတ်သက်၍ မေးလိုက်သောအခါ ထိုပထမဆုံး မေးခွန်းကြောင့် သူ့ရင်ထဲတွင် ပေါ့ပါးသွားလေသည်။ အဘိဓာန်ကို နှုတ်ငုံအာဂုံဆောင်ထားသောကြောင့် ဗောဓိ၏ အနက်အဓိပ္ပာယ် လေးမျိုးကို (သဗ္ဗညုတဉာဏ်တော်မှ အစ ညောင်ပင်အထိ) သူ သွက်လက်စွာ ဖြေနိုင်ခဲ့သည်။

'ဒါဖြင့် ကိုယ်တော့်နာမည်မှာ ဘယ်အနက်နဲ့ ဗောဓိကို ယူသလဲ'

'ညောင်ပင်ဆိုတဲ့ အနက်ကို ယူပါတယ် ဘုရား'

'ဘာကြောင့်လဲ'

သူသည် အနည်းငယ် ရှက်သွေးဖြင့် ခပ်သွက်သွက် ဖြေမိ၏။

'သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားရတယ်လို့ အဆိုရှိတော့ တပည့်တော်ရဲ့ အရိပ်အာဝါသဟာ ဗုဒ္ဓသာသနာတော်ကို ခိုလှုံချင်တဲ့ ဝေနေယျသတ္တဝါတွေအတွက် အေးငြိမ်းမှုကို ပေးနိုင်ချင်တဲ့ အနက်အဓိပ္ပာယ်နဲ့ပါ ဘုရား'

ဣန္ဒြေကြီးသော ဆရာတော်၏ မျက်နှာတော်ကို မဝံ့မရဲ ဖူးမြော်လျက် လျှောက်ထားသောအခါ ဆရာတော်၏ မျက်လုံးများ ပြုံးရောင်သန်းသွားလေသည်။

နောက်ဆရာတော်တစ်ပါးက သူ့အား စူးစူးစိုက်စိုက် အကဲခတ်လျက် မေးခွန်းထပ်မေးသည်။

'ကိုယ်တော့်အရင် အဲဒီထိုင်ခုံမှာ ထိုင်သွားတဲ့ သံဃာဟာ ကိုယ်တော့်ကို ပဋ္ဌာန်းရဲ့ ဘယ်ပစ္စည်းနဲ့ ကျေးဇူးပြုသွားသလဲ'

သူ အနည်းငယ် ဦးနှောက်ခြောက်သွားခဲ့၏။ နှစ်ဆယ့်လေးပစ္စည်းကို စိတ်ထဲမှ လျင်မြန်စွာ အနက်အဓိပ္ပာယ်တွေ စဉ်းစားယူရသည်။

ဥပနိဿယပစ္စယော၊ အညမည ပစ္စယော၊ မဟုတ်သေးဘူး။ သိပ်ကြာရှည် စဉ်းစားနေ၍လည်း မကောင်းပေ။ သူသည် ဆုံးဖြတ်ချက်ကို မြန်မြန်ချ၍ မြန်မြန် လျှောက်ထားလိုက်၏။

'သူ ထွက်သွားပြီးမှ တပည့်တော် ဝင်လာထိုင်ရတာဆိုတော့ မရှိခြင်းနဲ့ အကျိုးပြုတဲ့အတွက် နတ္ထိပစ္စည်းနဲ့ပါ ဘုရား'

ဆရာတော်များ တစ်ပါးမျက်နှာကို တစ်ပါး အကြည့်ချင်း ဆုံလိုက်ကြပြီး ပြိုင်တူ ခေါင်းညိတ်လိုက်လေသည်။

သူသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ၌ လေးနှစ်တိတိ တက်ရောက် ပညာသင်ကြားရသည်။ မင်းကွန်းဆရာတော် အရှင်မြတ်ဘုရား၏ ပံ့ပိုးကူညီမှုကြောင့် တက္ကသိုလ်သည် အလွန် အဆင့်မြင့်ခဲ့သည်။ သံဃာတစ်ပါးစီ နေထိုင်ရသော အခန်းကလေးများသည် လိုအပ်သည့် ပရိဘောဂပစ္စည်း အသင့် ရှိ၏။ ဘာသာရပ် ခုနစ်ခု၏ သင်ခန်းစာများ အလွန်များပြားလှသဖြင့် သူတို့ အားလုံး အလွန် ပင်ပန်းခက်

ခဲ့စွာ ကြိုးစားသင်ယူရသော်လည်း နေထိုင်စားသောက်မှုမှာ အလွန် အဆင်ပြေသောကြောင့် တစ်ကြောင်း၊ စာချမ္မကထိက ပါမောက္ခဆရာတော်များ အသင်အပြ ကောင်းမွန်သောကြောင့် တစ်ကြောင်း စိတ်ချမ်းသာခဲ့ကြပါသည်။ အုပ်ချုပ်သူ ဆရာတော်ဘုရား၏ ဘုန်းတန်ခိုးအပေါ်မှာ သင်တန်းကျောင်း၏ စည်ပင်ဝပြောမှု အပြောင်းအလဲက မူတည်နေသည်။ ကြည်ညို တိုးကွယ် ဆည်းကပ်သူ များသည့်အခါ ကျောင်းဖွံ့ဖြိုးမည်။ အရည်အချင်း အလွန်ပြည့်ဝသော သင်တန်းပို့ချသူ ဆရာတော်များနှင့် အင်အားပြည့်မည်။ ဒါက လောကနိယာမတရားအတိုင်း ဖြစ်လေသည်။

* * *

သင်တန်းဆင်းပြီး အောင်စာရင်းထွက်ပြီးသောအခါ ကချင်ပြည်နယ် ရေခဲတောင်တန်းများ၏ ခြေရင်းရှိ ဤရွာကလေးသို့ ဘာဝနာအရ ရောက်လာခဲ့ရသည်။

ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် မိမိ၏ ကိုယ်ခန္ဓာတစ်ခုလုံးကို စွန့်လွှတ်ပေးဆပ်မည်ဟု သစ္စာဆိုထားခဲ့သော်လည်း တကယ်တမ်း နယ်မြေဒေသ ကြမ်းတမ်းခက်ခဲသော ဤတောင်တန်းဒေသမှာ နေထိုင် သီတင်းသုံးရသည့်အခါ မိမိသစ္စာပျက်ချေမည်လားဟု မကြာခဏ စိုးရိမ်မကင်း ဖြစ်ခဲ့ရသည်။ မိမိတို့ မြန်မာစကားကို နားမလည်သော ရွာသားများနှင့် သူတို့ ဘာသာစကားကို နားမလည်သော မိမိ၏ အကြား ဆက်သွယ်ရသည်မှာ တော်တော် ခက်ခဲ၏။ ဗုဒ္ဓဘာသာဝင် အနည်းငယ်သာ ရှိသော ဤရွာကလေးတွင် အစိုးရက ဆွမ်းဆန်တော်အဖြစ် လှူဒါန်းသော ကျပ်တစ်ထောင်ဖြင့် လာရောက် အသက်ရှင်ရခြင်းသည် မနိုင်မနင်း ဝန်ထုပ်ဝန်ပိုး တစ်ခုသာ ဖြစ်၏။ တစ်ရွာနှင့် တစ်ရွာ သွားလာရေးအတွက် ကိုယ့်ခြေထောက်မှ တစ်ပါး အားကိုးစရာ ယာဉ်မရှိ။

နန့်တမိုင်ချောင်းနှင့် ချောင်းလက်တက်များကို ဖြတ်ကူးရာတွင် အများအားဖြင့် အသုံးပြုကြသည်မှာ ကြိမ်ဖြင့် ပြုလုပ်သော ကြိုးတံတားများ ဖြစ်သည်။ တချို့တံတားများတွင် နင်းလျှောက်သည့် ကြမ်းခင်းမှာ ကြိမ်နှစ်ချောင်း သုံးချောင်းသာ ခင်းထားသည်။ အောက်မှာက ကျောက်တုံးများကြားမှာ ကြောက်မက်ဖွယ် အသံဖြင့် အော်၍ စီးဆင်းနေသော ချောင်းရေစီး။ မြေပြန့်သား တစ်ယောက်အတွက် ကြီးမားသော စွန့်စားမှု တစ်ခု

ပင် ဖြစ်သည်။ တစ်နှစ် တာဝန်ပြီးဆုံးပြီးနောက် သူ ဤရွာသို့ သက်ဆုံး တိုင် နေဖို့သွားမည် ပြောသည့်အခါ စာသင်ဘက် သူငယ်ချင်း သံဃာ တချို့က ကရုဏာ ဒေါသဖြင့် အပြစ်တင်ကြသည်။

'ကြည့်ကြသေးတာပေါ့ကွာ၊ ရွာသားတွေပဲ ဗုဒ္ဓဘာသာဝင် ဖြစ်လာ မလား၊ ဇနကပဲ မလက ရှာန်ကြွမလား စောင့်ကြည့်ရသေးတာပေါ့'

သူ တိတ်ဆိတ်စွာပင် ပြုံးနေခဲ့ပါသည်။ သံဃာတော်များ ကျင့်သုံး ရမည့် ဝိနည်းတို့ကို သူ တတ်နိုင်သမျှ လိုက်နာပြီး သိက္ခာတည်ကြည် စွာ ကျင့်ကြံပြုမူခဲ့သည်။ ပညာဗဟုသုတများကို မိမိတတ်နိုင်သမျှ ပေးဝေ ငှခဲ့သည်။ ဗုဒ္ဓ၏သားတော် ရဟန်းဆိုသည်မှာ ဤကဲ့သို့ ငြိမ်းချမ်းနေထိုင် သူ၊ ဤကဲ့သို့ ကရုဏာရှိသူ၊ ဤကဲ့သို့ သီလစောင့်ထိန်းသူဟု တစ်ချိန်ချိန် မှာ ရွာသားတွေ နားလည်လာရမည်။ မိမိသည် ဤရွာအတွက် ဝန်ထုပ် ဝန်ပိုး မဟုတ်ဘဲ ဤရွာကို ကျေးဇူးပြုသူ၊ အကျိုးရှိစေသူဟု အားလုံးက လက်ခံလာစေရမည်။ ဤဖွဲ့သတ္တိကိုရရန် သူသည် သူ၏ သစ္စာကို ထပ် ကာထပ်ကာ အာရုံပြု ရွတ်ဆိုရလေသည်။

ယခုအခါတွင် ဦးဇနက ဟူသော ဘွဲ့အမည်သည် ရွာသားများအ တွက် စကားထဲတွင် ထည့်ပြောရသည့် အမည် ဖြစ်လာပြီဟု သူ သိရသည်။ လပြည့်လကွယ် ဉပုသ်ရက်များတွင် ဉပုသ်ဆောက်တည်သည့် ဆွမ်းဒကာ ဒကာမများ၏ ဘေးတွင် စပ်စုတတ်သော အခြားကလေးသူငယ်များ မကြာခဏ ပါလာတတ်သည်။ ထိုကလေးများကို သူသည် မေတ္တာဖြင့် နူးညံ့စွာ စကားပြော ဆက်သွယ်ကြည့်သည်။ အပြစ် ကင်းစင်လှသော ကလေးတို့သည် သူ့သင်္ကန်းစကို တအံ့တဩ ထိတို့ ဆုပ်ကိုင်ကြည့်ရင်း အချင်းချင်း လျှင်မြန်သော အသံထွက်များဖြင့် စကားပြောလေသည်။ သူသည် ကလေးတို့အား ဗုဒ္ဓဝင်ရုပ်စုံ စာအုပ်ကို ဖွင့်ပြလျက် ဗုဒ္ဓ၏ ဖြစ်စဉ် ကို အခွင့်သင့်တိုင်း ပုံပြင်သဖွယ် ပြောပြသည်။ ပန်းချီဆရာကြီး ဦးဘကြည် ၏ ပြေပြစ်စွာ ခမ်းနားသော ရုပ်စုံသရုပ်ဖော်ပုံများကို ကလေးများ စိတ် ဝင်စားကြပါသည်။

တစ်နှစ်တိတိ ကျောင်းထိုင်ဘုန်းကြီးအဖြစ် လက်တွေ့သာသနာ ပြုပြီးနောက် ဤရွာသို့ပင် မိမိ ဆုံးဖြတ်ချက်ဖြင့် ထပ်မံ လာရောက်ခဲ့သည် မှာ ထိုကလေးများ၏ အပြစ်ကင်းစင်သော မျက်လုံးများကြောင့် ဖြစ်သည်။

ထိုမျက်လုံးများကို အေးချမ်းမှုဖြင့် တည်ငြိမ်စေလိုသည်။ ယုံကြည်

ခြင်းဖြင့်လည်း တောက်ပစေလိုသည်။ ကရုဏာဖြင့်လည်း နူးညံ့စေလိုသည်။ သူတို့၏ နှလုံးသားကလေးများကိုကား ရေခဲတောင်တန်းဆီမှ ဆွတ်ဆွတ်ဖြူသော နှင်းများလိုပင် ဖြူစင် သန့်ရှင်းစေလိုသည်။

ရင်မှဖြစ်သော ထိုစေတနာကို မိုင်ပေါင်းများစွာ ဝေးကွာလှသော ဇာတိရွာကလေးမှ မိခင် ဖခင်နှစ်ပါး ကြည်လင်စွာ သာဓုခေါ်ကြလိမ့်မည်ဟု သူ ယုံကြည်ပါသည်။

မိန်းမနှစ်ယောက်

# ဝိန်းမနှစ်ယောက်

အလုပ်သင်ဆရာဝန် အမျိုးသမီးဆောင်၏ ခုတင်ကလေးသည် ကျဉ်းမြောင်းသေးငယ်သော်လည်း သူငယ်ချင်းနှစ်ယောက် ဘေးချင်းယှဉ်လျက် ဝမ်းလျား မှောက်အိပ်ကာ တစ်ယောက်ကို တစ်ယောက် ငုံ့ကြည့် စကားပြောနိုင်ရုံတော့ ကျယ်ဝန်းပါသည်။ ခေါင်းအုံးပေါ် လက်ထောက်လျက် လက်ဖဝါးပေါ် မေးတင်ကာ ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ကို မော့ကြည့်ပြုံးနေသော ထိုမျက်ဝန်းများသည် ကျောင်းမှာတုန်းကလိုပင် နူးညံ့နေ၏။

ကျွန်မတို့ နှစ်ယောက်သည် အချစ်အကြောင်း ပြောရမည့် အရွယ်များ မဟုတ်တော့သော်လည်း တိတ်ဆိတ် လှပသော ညက ကျွန်မတို့ကို သိမ်မွေ့စွာ ပြုစားလိုက်သောအခါ ကျွန်မတို့ မေ့လျော့ထားသော နာမည်တစ်ခုကို ရေရွတ်မိကြတော့သည်။

ငယ်စဉ်တုန်းကတော့ ယခုလို ညမျိုးမှာ လဝန်းကို မြင်ရချင်သည်။ လရိပ် ရွှန်းမြသော တိမ်မျှင်များကို တရွေ့ရွေ့ သယ်ဆောင်သွားသည့် လေအလျဉ်နောက်သို့ စိတ်သာမကဘဲ လူကိုယ်တိုင် လိုက်ပါ လွင့်မျောလိုသည်။ ညမွှေးပန်း ရနံ့များ သင်းထုံနေမည်ဆိုလျှင် ညသည် ပြီးပြည့်စုံသော ဂီတသံစဉ် တစ်ခုပမာ သာယာနေတော့သည်။ ထိုညမျိုးမှာ ကျွန်မတို့နှစ်ယောက် ချိုပြုံး၏ 'တက္ကသိုလ်ကျောင်းက ငွေလမင်း' သီချင်းကို တိုးတိုးဖွဖွ ညည်းခဲ့ကြဖူးလေသည်။

ယခုတော့ ကျွန်မတို့သည် ဂီတနှင့် တော်တော် ဝေးကွာခဲ့ပြီ။ သီချင်းညည်းနိုင်ဖို့ သံစဉ်ကိုလည်း မေ့လျော့လုနီးပါး ဖြစ်နေပြီ။ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသော ဝေဒနာသည်များ၊ ရောဂါများ၊ အနိဋ္ဌာရုံ အဖြစ်များ

.............

ရွှေမြူ မဂ္ဂဇင်း ဩဂုတ် ၁၉၉၃

အကြား ဆေးရုံနှင့် ဆေးခန်းတို့ကို စက်ရုပ်ပမာ ကူးပြောင်း လှုပ်ရှားနေခဲ့ရသော ကျွန်မသည် အလုပ်မှတစ်ပါး အခြားအရာများကို မေ့လျော့လုနီးပါး ဖြစ်နေပြီ။ သို့သော် ယခုလို အမှတ်မထင် ပြန်လည် ဆုံတွေ့ပြီဆိုတော့ မနက်က ကြုံခဲ့ရသော စိတ်ကျဉ်းကျပ်ဖွယ်ရာ စာမေးပွဲ အတွေ့အကြုံကို ပြန်လည် ရယ်မောရင်းကပင် တစ်ယောက်အကြောင်း တစ်ယောက် ဆက်စပ်မိဖို့ မေးမြန်း၍ အားမရနိုင်အောင် ရှိလေသည်။

'သမီးက အခု ခြောက်နှစ်လေ၊ မအေ့ မိတ်ကပ်ဘူးတွေ မွှေနှောက်ပြီး ကောင်းကောင်း အပျိုလုပ် အလှပြင်တတ်နေပြီ အိရဲ့၊ သမီးကြီးလာရင် ဘာလုပ်မလဲမေးတိုင်း ရုပ်ရှင်မင်းသမီးလို့ ဖြေဖြေနေလို့ မနည်း ခေါက်ထားရတယ်'

ရယ်မောလိုက်သော သူငယ်ချင်း၏ အသံတွင် သမီးအပေါ် အပြစ်တင်လိုသည့် အရိပ်အငွေ့ လုံးဝ မပါဝင်ဘဲ ဂုဏ်ယူသော ဟန်ပန်ကိုပင် ကျွန်မ ခံစားမိသည်။ သူမ၏ သမီးသည် သူမလိုပင် သွယ်လျစွာ လှပနူးညံ့ပေလိမ့်မည်။

'ချောမှာပေါ့နော် မိအောင်'

'အိုး... ချောမှ ချော၊ မျက်လုံးကလေးတွေက ကြည်စင်နေတာပဲ အိရယ်'

ကျွန်မသည် အောင် ငယ်စဉ်က နူးညံ့ ကြည်လင်သော မျက်ဝန်းလုလုကလေးများကို သတိရသွားသည်။ ဟိုတုန်းက နဖူးပြောင်ပြီး ဆံပင်အလယ်ခွဲ ဖားလျားချထားသည့် ပုံစံမျိုး ခေတ်စား၏။ ခါးအထိ ရှည်သော ဖြောင့်စင်း ပါးလျားသည့် ဆံပင် အိအိကလေးများသည် အောင့်မျက်နှာ သွယ်သွယ်ကလေးနှင့် အလွန် လိုက်ဖက်ခဲ့ပါသည်။

'နင်ကလဲ... ခေတ်ပုံအယ်လ်ဘမ်လေး ဘာလေးတောင် ယူမလာဘူး ဟယ်'

အောင့်သမီးကို မြင်ချင်စိတ်ဖြင့် ကျွန်မ အပြစ်တင်တော့ အောင်က ပုခုံးတွန့်ကာ ရယ်မော၏။

'ဟဲ့... နင်လာဖြေမယ်မှန်းမှ မသိတာဘဲ အိရဲ့၊ ငါကဖြင့် နင် အမ်အက်စ်စီ အောင်ပြီးပြီတောင် ထင်နေတာ'

'အမယ်လေး... အဲဒီပါးစပ်ကလေး ရွှေချထားဖို့ ကောင်းလိုက်တာနော်'

ကျွန်မကတော့ သွားလေရာရာမှာ သားဓာတ်ပုံကို ယူလာဖို့ မမေ့သူ ဖြစ်သည်။ စားပွဲပေါ်မှာ ထောင်ထားသော သား၏ ဓာတ်ပုံကို အောင်က လှမ်းကြည့်နေ၏။

'နင့်သားက နင်နဲ့ မတူသလိုပဲနော် အိ'

ကျွန်မ လှစ်ခနဲ ပြုံးလိုက်မိလေသည်။

တစ်နှစ်သားအရွယ် သားကလေးသည် သူ့ဖအေ ကိုယ်ပွားကလေးဟု လူတိုင်းက မှတ်ချက်ချကြ၏။

'သူ့အဖေနဲ့ တူတာ အောင်ရဲ့'

အောင်က မျက်မှောင်ကြုတ်ကာ သားဓာတ်ပုံကို စေ့စေ့ကြည့် ပြီး၏။ သားအဖေ၏ ကျောင်းသားဘဝ ရုပ်ရည်ကို အောင်က ပြန်လည် မှန်းဆနေပုံ ရပါသည်။ ကျောင်းပြီးမှ ကျွန်မတို့ တွေ့ဆုံ လက်ထပ်ကြခြင်း ဖြစ်၍ သားအဖေကို အောင် မျက်မှန်းတန်းမိမှာ မဟုတ်။ ကျွန်မတို့ထက် တစ်တန်းကြီးပြီး တစ်နှစ်စောစ၍ ဘွဲ့ရခဲ့သော သားအဖေကလည်း အောင့်ကို မသိသလို ဇဝေဇဝါ ဖြစ်နေခဲ့၏။

'အို... နင့်သား မျက်လုံးတွေက ဟိုတစ်ယောက်ရဲ့ မျက်လုံးတွေလိုပဲနော်၊ အရမ်း တောက်ပတာပဲ'

ဟိုတစ်ယောက်...။ ကျွန်မတို့နှစ်ယောက် အကြားတွင် ဟိုတစ်ယောက်ဟူသော စကားလုံးသည် အလွန် ရင်းနှီး ကျွမ်းဝင်သော ချစ်စဖွယ် နာမ်စားတစ်ခု ဖြစ်ခဲ့သော်လည်း ၁၀ နှစ်လောက် ကြာပြီးနောက်မှ ပထမဆုံးအကြိမ် ပြန်လည် ကြားလိုက်ရသောအခါ ကျွန်မ အနည်းငယ် တွေသွား၏။ အောင်က ကျွန်မပခုံးကို ဖျတ်ခနဲ ရိုက်ကာ ရယ်မောသည်။

'ကြည့်စမ်း မိန်းမ၊ အခုတော့ နင် မေ့ပြီပေါ့လေ'

ကျွန်မ အောင့်စကားကို ငြင်းပယ်ချင်စိတ်ဖြင့် ခေါင်းခါယမ်းမိသော်လည်း မကြာခဏ သတိရမိကြောင်းတော့ ဝန်မခံလိုပါ။ ထို့နောက် ကျွန်မတို့နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ အောင့် မျက်လုံးများကို ကျွန်မ အကဲခတ်ကြည့်မိသည်။ ပြုံးနေသော အောင့်မျက်လုံးများ အနည်းငယ် စိုက်ငေးသွားသည်ကို ကျွန်မ ရိပ်မိသည်။

'သူ အိမ်အကျစ်စ်စီ မဖြေတော့ဘူးနဲ့ တူတယ်နော် အိ'

အောင့် အသံက လှုပ်ခါမှု ပါသည် ဆိုရုံကလေး။

'သူ ပို့စတင်တောင် မဝင်ဖြစ်သေးဘူးလို့ သတင်းကြားတာ အောင်ရဲ့'

အောင်က ကျွန်မကို မျက်လုံးပြူးကြည့်သည်။ သူမ မသိလိုက်သော ဟိုတစ်ယောက်အကြောင်းကို ကျွန်မ သိနေတာ အံ့ဩဟန် ရှိပါသည်။

'နင်နဲ့ တွေ့သေးလား ဟင်'

အောင့် အမေးကို ကျွန်မ ခေါင်းခါယမ်းပြရင်း ပြုံးမိသည်။

'ဟင့်အင်း... နင်ရော'

'မတွေ့ပါဘူးဟယ်၊ ဘယ့်နှယ်လုပ် တွေ့ပါ့မလဲ၊ တစ်မြို့စီ တစ်ဘဝစီ'

ကျွန်မ အောင့်လက်ကို ဆုပ်ညှစ်လိုက်သည်။ ထို့နောက် ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းဆိုင် စေ့စေ့ ကြည့်မိကြလေသည်။

* * *

လွန်ခဲ့သော ဆယ့်ရှစ်နှစ်တုန်းက အိအိကိုနှင့် ချိုနှင်းအောင်သည် နှစ်စဉ် ခုံနံပါတ်ချင်း ကပ်လျက်ကျပြီး အဆောင်တွင် နှစ်စဉ် တစ်ခန်းတည်း တွဲနေခဲ့ကြတာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင် တွယ်တာသော သူငယ်ချင်းနှစ်ယောက် ဖြစ်ခဲ့သည်။

ကျွန်မက အသားဖြူကာ အရပ်ပုပြီး အောင်က အသားညိုကာ ရှည်သွယ်၏။

ကျွန်မက ဆံပင်တိုတို ယောကျ်ားလေး ဆံပင်ပုံစံ ဖြစ်ပြီး အောင်က ခါးအောက်ရောက်သော ဖြောင့်စင်း နက်မှောင်သည့် ဆံပင်များကို ပိုင်ဆိုင်၏။ ကျွန်မ၏ မျက်လုံးများက မည်းနက် ဝိုင်းစက်ပြီး အောင့်မျက်လုံးများက ညိုလဲ့ နူးညံ့သည်။ ကျွန်မက ရှမ်းခေါက်ဆွဲ ဆန်ပြားကို ကြိုက်နှစ်သက်ပြီး အောင်က မုန့်လေး မုန့်တီကို ကြိုက်နှစ်သက်သည်။ ဟိုစဉ်က ရုပ်ရှင်မင်းသား ရိုင်ယန် အိုနီးလ်ကို သဘောကျပြီး အောင်က ရောဘတ် ရက်ဖို့ဒ်ကို သဘောကျသည်။ ကျွန်မက ညအိပ်လျှင် ဖန်ချောင်းဖွင့်လျက် စာဖတ်ရင်း အိပ်ပျော်သည့်အကျင့် ရှိပြီး အောင်က မီးလင်းလျှင် လုံးဝ မအိပ်တတ်သော အကျင့်ရှိသည်။ ကျွန်မက စိတ်လိုလက်ရ ရှိလွန်းမှ မျက်နှာကို သနပ်ခါးပါးပါး လူးတတ်ပြီး အမြဲလိုလို မျက်နှာပြောင်နှင့် အလှပြင်ဖို့ ပျင်းရိတတ်သော်လည်း အောင်က နေ့စဉ် နာရီဝက်နီးပါး ကြာအောင် ဆံပင်နှင့် မျက်နှာ အလှပြုပြင်ချိန် ယူလေ့ရှိသည်။

အစစအရာရာ အသွင်မတူ ကွဲပြားသော ကျွန်မနှင့် အောင်သည်

အုံသြဖို့ ကောင်းစွာပင် အချက်နှစ်ချက်တွင်တော့ လာ၍ တူနေ၏။ ပထမ တူညီမှုမှာ နှစ်ယောက်လုံး လက်ပတ်နာရီ ပတ်သည့်အကျင့် မရှိကြခြင်း ဖြစ်သည်။

ပထမ တူညီမှုက ကျွန်မတို့နှစ်ယောက်အတွက် ထူးခြားသည့် ပြဿနာ မဖြစ်ခဲ့သော်လည်း ဒုတိယ တူညီမှုကတော့ ဦးနှောက်ခြောက်စရာ ပြဿနာတစ်ခု ဖြစ်ခဲ့၏။ ကျွန်မတို့အတန်းမှ ယောကျ်ားကလေး တစ်ယောက်ကို ပြိုင်တူ ကြိုက်နှစ်သက်မိကြခြင်း ဖြစ်ပါသည်။

ပထမနှစ် အမ်ဘီတွင် အတန်းထဲ၌ ကင်းနှင့်ကွင်း ရွေးသောအချိန်မှ စတင်ခဲ့သည်။ တစ်တန်းလုံးက မဲအများဆုံး ပေးထားသော ဖတ်စ်အမ်ဘီကင်းကို ကျွန်မတို့နှစ်ယောက် သဘောမတူခဲ့ပါ။ အဆောင်ပြန်ရောက်တော့ ကျွန်မ တိတ်တိတ် ရွေးထားသော ကင်း ရှိသည်ဟု အောင့်ကို ပြောမိသည်။ အောင်ကလည်း သူမ တိတ်တိတ်ရွေးထားသူ ရှိသည်တဲ့။ ရယ်စရာကောင်းနေသည်က ကျွန်မတို့ နှစ်ယောက်လုံး ကိုယ်ရွေးမိသည့် လူ၏ နာမည်ကို ကိုယ်မသိကြပေ။ နောက်တစ်နေ့ အတန်းတက်တော့မှ မိမိရွေးချယ်သူကို တိတ်တခိုး ညွှန်ပြတော့ နှစ်ယောက်လုံးက တစ်ယောက်တည်းကို ရွေးခဲ့မိကြောင်း တအံ့တသြ သိရသည်။

ထိုအချိန်မှစ၍ ကျွန်မတို့ သူငယ်ချင်းနှစ်ဦး၏ ရင်ထဲသို့ သူက စတင် ဝင်ရောက်လာခဲ့ပါသည်။ သူသည် စာတော်သည့် ကျောင်းသားစာရင်းတွင်လည်း မပါ၊ စာညံ့သည့် ကျောင်းသားစာရင်းတွင်လည်း မပါ။ သာမန် အလယ်အလတ်တန်းစား ဖြစ်၏။ အသားလတ်လတ်၊ အရပ် မနိမ့်မမြင့်၊ ကိုယ်ခန္ဓာ ကျစ်လျစ်သည်။ သွယ်လျသော်လည်း အသားပြည့်ပြည့် မျက်နှာပြင်သည် ချောမွေ့နေ၏။ သူ့တစ်ကိုယ်လုံးတွင် အင်အားအကောင်းဆုံးမှာ မျက်လုံးများ ဖြစ်သည်။ ထိုမျက်လုံးများသည် ကျွန်မအား နှစ်ပေါင်းများစွာ သူ့ကို သတိရအောင် ညှို့ယူထားခဲ့လေသည်။

အချစ်ဆိုတာကို မတွေ့ကြုံဖူးသော ဆယ့်ခုနှစ်နှစ် အရွယ်တွေမို့ ကျွန်မနှင့် အောင်သည် ချစ်စရာကောင်းသော ထိုကောင်ကလေးနှင့် မျက်လုံးချင်း ဆုံမိအောင် ဘယ်လိုလုပ်ကြရရင် ကောင်းမလဲဟု ပေါ့ပေါ့ပါးပါးပင် ကျိတ်ဆွေးနွေးခဲ့ကြ၏။ သတ္တိ မကောင်းလှသေးသော ပထမနှစ်အမ်ဘီမှာတော့ ကျွန်မတို့သည် သူ့လက်တွေ့ခန်းရှေ့မှ ဖြတ်လျှောက်ကြည့်ရုံလောက်သာ ဖြစ်၏။ ဒုတိယအမ်ဘီ ရောက်တော့ ကျွန်မတို့ အနည်း

ငယ် ရဲဝံ့လာပြီ။ တစ်နေ့မှာတော့ သူ ကော်ရစ်ဒါမှာ လမ်းလျှောက်သွား လိုက် ကျွန်မတို့နှစ်ယောက် သူ့နောက်သို့ ခပ်သုတ်သုတ် လိုက်သွားကြ၏။ သူ့ရှေ့အထိ ကျော်သွားပြီးမှ ကျွန်မတို့နှစ်ယောက် တိုင်ပင်ထားသည့် အတိုင်း သူ့ကို လှည့်ကြည့်ကာ 'ဘယ်နှစ်နာရီ ရှိပြီလဲ'ဟု ပြိုင်တူ မေးလိုက် ကြသည်။ သူ တုံ့ခနဲ ရပ်သွားကာ ကျွန်မတို့နှစ်ယောက်ကို ခပ်ရှန်းရှန်း ကြည့်ပြုံးပြီးမှ သူ့လက်ကို မြောက်ကြည့်၏။ ထို့နောက် ခပ်ဖွဖွ တစ်ချက် ရယ်ကာ 'ကျွန်တော်လည်း နာရီမပါဘူး ခင်ဗျ'ဟု သိမ်မွေ့စွာ အဖြေပေး လေသည်။ တစ်တန်းတည်းသားတွေမှန်း မျက်မှန်းတန်းမိပါလျက် ကျွန်မ တို့နှင့် သူ ချက်ချင်း ခင်မင်မသွားခဲ့ပေ။

သူသည် သူငယ်ချင်း သတ်သတ်မှတ်မှတ်ထား၍ ပေါင်းသင်းသူ မဟုတ်။ သူ့ဘေးတွင် အတန်းသား တစ်ယောက်ပြီး တစ်ယောက် လဲပြောင်း ပါလာလေ့ ရှိသည်။ သူ့ဘေးမှာ သူငယ်ချင်းတွေ ပါလာလျှင် ကျွန်မတို့ နှစ်ယောက် သူ့ကို လုံးဝမကြည့်ဘဲ တစ်ယောက်တည်းလာမှ သူ သတိထား မိလောက်အောင် ကျွန်မတို့ နှစ်ယောက်က မျက်လုံးချင်း ဆုံပစ်လိုက်ကြ တော့သည်။ ထိုအခါ သူက ကျွန်မတို့ နှစ်ယောက်ကို ပြုံးပြတော့မလိုလို၊ စကားပြောတော့မလိုလို ဇဝေဇဝါ မျက်လုံးများ ခပ်စိုက်စိုက် ကြည့်ကာ တစ်ဖက်လှည့်ပြီး ပြုံးသွားတတ်၏။ ထိုအခါမျိုးတွင် ကျွန်မတို့ နှစ်ယောက် သည် သူ့မျက်လုံးများ၏ ဆွဲငင်မှုကို ပြန်လည် တွေးတော ခံစားရင်း အ ဆောင်သို့ တိတ်ဆိတ် ငြိမ်သက်စွာ ပြန်ရလေ့ ရှိပါသည်။

တစ်ခါတုန်းကတော့ ယောကျ်ားတို့၏ ကိုယ်နံ့အကြောင်း ကျွန်မတို့ နှစ်ယောက် ဆွေးနွေး ငြင်းခုံကြရင်း သူ့ကိုယ်နံ့ကို စပ်စုလိုစိတ် ပေါက်ခဲ့ ကြဖူးသည်။ ခက်နေသည်မှာ ကျွန်မတို့နှင့် သူက အမြဲတမ်း အဖွဲ့ခွဲ မတူ သောကြောင့် လက်ချာချိန်မှတစ်ပါး အခြား လက်တွေ့ချိန်များတွင် ဘယ် တော့မျှ တစ်ခန်းတည်း မရှိကြပေ။ နီးနီးကပ်ကပ်လည်း မရပ်ခဲ့ကြဘူး ပေ။ ဒီတော့ သူ့ကိုယ်နံ့ စူးရှသလား၊ ဖျော့မှိန်သလား၊ ရနံ့သင်းသလား ကျွန်မတို့ မသိနိုင်ပေ။ သူနှင့် နီးကပ်ဖို့ အခွင့်အရေးမှာ လက်ချာချိန်သာ ဖြစ်၏။ တစ်နေ့မှာတော့ ကျွန်မတို့ ထိုင်နေကျ ရှေ့ဆုံးအောက်ဘက် ခုံ များတွင် မထိုင်တော့ဘူးဟု ဆုံးဖြတ်ကာ ခန်းမထဲသို့ ရှေ့ပေါက်မှ မဝင်ဘဲ နောက်ပေါက်မှ တက်ခဲ့ကြသည်။ အောင်နှင့် ကျွန်မသည် သူထိုင်နေကျ ဘေးအတန်းက ခုံများရှိရာ မျက်စိဝေ့ကြည့်လျက် အပေါ်စီးမှ မြင်နေရသော

နောက်ကျောများ၊ နောက်စေ့များကို ခွဲခြမ်း ရှာဖွေရင်း တစ်ထစ်ချင်း ဆင်း လာခဲ့ကြသည်။ မျက်စိလျင်သော အောင်က အလျင်မြင်၏။ ကံအားလျော်စွာပင် သူထိုင်နေသော ခုံ၏ နောက်ဘက် ခုံတန်းမှာ ယောကျ်ားလေး တစ်ယောက်မျှ ဝင်ထိုင်မနေခဲ့ပေ။ ကျွန်မတို့သည် မျက်နှာပြောင်ပြောင်ဖြင့်ပင် သူနှင့် ကပ်လျက်ခုံမှာ သူ့နောက်တည့်တည့်၌ ဝင်ထိုင်လိုက်ကြ၏။ ပထမတော့ စာသင်သည်ကိုသာ အာရုံ စူးစိုက်တတ်သော သူက မရိပ်မိပေ။ နောက်တော့ တိုးတိုးကျိတ်ကျိတ် ပြောသော မိန်းကလေးသံများ ကြားရလို့လားမသိ၊ သူ ဗြုန်းခနဲ လှည့်ကြည့်သည်။ ကျွန်မတို့နှစ်ယောက် ကိုယ်ကို ရှေ့ကိုင်းပြီး သူ့ကော်လာ လည်ကုပ်နားတွင် နှာခေါင်း ပွစိပွစိဖြင့် အလုပ်ရှုပ်နေသည်ကို သူ မြင်သွား၏။ အောင့်မျက်လုံးများနှင့် အလျင် ရင်ဆိုင်မိပြီးနောက် သူ့မျက်လုံးများ ကျွန်မထံ ရောက်လာသည်။ ကျွန်မ အောင့်လို ငေးကြောင်မသွားဘဲ သူ့ကို ပြုံးပြလိုက်ပါသည်။ ထိုအခါ သူ့မျက်လုံးများ လက်ခနဲ တောက်ပသွားအောင် ပြုံးပြပြီးနောက် ပြန်လှည့်သွားလေသည်။

'မွှေးတယ်နော် အောင်… မနံဘူး'ဟု ကျွန်မ အောင့်ကို တိုးတိုးကျိတ်ကျိတ် ပြောတော့ အောင်က ကျွန်မကို ဝမ်းပန်းတနည်း ကြည့်သည်။ သူမ၏ လက်ချာစာအုပ် ဖွင့်လက်စ စာမျက်နှာ အပေါ်ပိုင်း၌ စာတစ်ကြောင်း ခပ်သွက်သွက်ရေးပြီး ကျွန်မကို ပြ၏။

'နင် ဘာဖြစ်လို့ သူ့ကို သွားပြုံးပြရတာလဲ၊ နင် တစ်ကိုယ်ကောင်းဆန်တယ်'တဲ့။

ကျွန်မ နောင်တရသွားပါသည်။

'ငါ မသိဘူး အောင်ရယ်၊ သူ့ကို သိပ် ပြုံးပြချင်တာပဲ၊ စိတ်ဆိုးလား' ဟု အောင့်စာကြောင်း အောက်မှာပင် စာပြန်ရေးပြီး တောင်းပန်တော့ သူမက ပြန်ရေး၏။

'နောက်ကို နင်တစ်ယောက်တည်း ကွက်ပြီး မပြုံးနဲ့နော်၊ ပြုံးပြဖို့ အစီအစဉ်ရှိရင် ငါ့ကို ကြိုပြောထားပါ၊ ငါလည်း ပြုံးမယ်'တဲ့။

ထိုအချိန်မှစ၍ ကျွန်မတို့နှင့် ဆုံလျှင် ပြုံးပြ နှုတ်ဆက်သော အလေ့တစ်ခု သူ ရရှိလာခဲ့သည်။ ထို့ပြင် ကျွန်မတို့နှစ်ယောက်ရှိရာ လက်တွေ့ခန်း သို့မဟုတ် လူနာဆောင်သို့ အကြောင်းမရှိ အကြောင်းရှာ၍ လာတတ်ပြီး ကျွန်မတို့ကို ပြုံးပြလေ့ ရှိသည်။ ထို့နောက် သူ့မျက်ဝန်းများတွင် အဓိပ္ပာယ်

ဖော်ရခက်သော ငြိတွယ်မှု တစ်ခုကို ပျော့်ရှင်စွာ ကျွန်မတို့ တွေ့ရခဲ့တော့သည်။ ထိုအရိပ်ကလေးမှ နောက်တစ်ဆင့် တက်လာဖို့ ရင်ခုန်မောပန်းစွာ ကျွန်မတို့စောင့်ရင်း တစ်ယောက်ကို တစ်ယောက်လည်း အလစ်မပေးဘဲ စောင့်ကြည့်ခဲ့ကြလေသည်။

သူ ကျွန်မတို့နှစ်ယောက်နှင့် မဆုံဆုံအောင် အကြောင်းရှာ၍ ညှို့ယူပြုံးပြတာကတော့ မှန်ပါရဲ့၊ ကျွန်မတို့ နှစ်ယောက်မှတစ်ပါး အခြား ဘယ်မိန်းမကိုမျှ မျက်လုံးချင်းဆုံ၍ပင် မကြည့်တာလည်း မှန်ပါရဲ့၊ ဘယ်သူ့ကို လိုက်နေတာဟူသော သတင်း သိုးသိုးသန့်သန့်ကလေးမျှ သူနှင့် ပတ်သက်၍ မကြားရသည်မှာလည်း မှန်ပါရဲ့။ သို့သော် ကျွန်မတို့နှစ်ယောက်အနက် မည်သူ့ကို သူ စိတ်ဝင်စားတာလဲ။ မည်သူ့ကို သူ မြတ်နိုး တွယ်တာပါသလဲ။ ကျွန်မတို့နှစ်ယောက် အဖြေထုတ်ဖို့ ကြိုးစားခဲ့ကြ၏။

သူသည် ကျွန်မတို့နှစ်ယောက် တွဲလာလျှင် ပြုံးပြရင်း အောင့်ကို ပထမဦးဆုံး ကြည့်၏။ ဒါကိုလည်း ကျွန်မကတော့ အောင့်အရပ် ရှည်လို့ပဲ အောင့်ကို သူ အလျင်မြင်မိတာပေါ့ဟု ဟာသစွက်ကာ စိတ်လှည့်စား ကျေနပ်ခဲ့တာပါပဲ။ ထိုမျက်ဝန်းတွင် ငြိတွယ်မှုများစွာ ပါဝင်ကြောင်းတော့ ကျွန်မ ထိတ်လန့်စွာ ရိပ်မိပါသည်။ သို့သော် ချက်ချင်းပင် အောင့်ထံမှ မျက်ဝန်းက ကျွန်မထံ ရောက်လာပြီး ကျွန်မကို စူးရှစွာ ညှို့ယူသော မျက်ဝန်းများ ဖြစ်သွားပြန်သည်။ အောင့်ကို ကြည့်သော မျက်ဝန်းထဲမှာ မြတ်နိုးမှုပါဝင်လျှင် ကျွန်မကို ကြည့်သော မျက်ဝန်းထဲမှာ မက်မော တမ်းတမှု ပါဝင်သည်ဟု ကျွန်မ ပြောရပါလိမ့်မည်။

'အိုရာ... လုပ်မနေပါနဲ့၊ သူ ငါ့ကို ချစ်နေတယ်ဟ၊ သေချာတယ်' အောင်က မခံချင်အောင် ပြောလေ့ရှိပြီး ကျွန်မကလည်း အားကျမခံ 'ကြည့်နေ မိအောင်၊ သူ ငါ့ကို ဟောဒီ တစ်နှစ်အတွင်း ရည်းစားစကား ပြောလာစေရမယ် သိလား'ဟု သူမကို မကြာခဏ အတည်ပေါက် ဆွပေးလေ့ ရှိပါသည်။

သူ့ ငြိတွယ်မှုသည် ကျွန်မထံမှာလား၊ အောင့်ထံမှာလား အတိအကျ သိလိုစိတ် များလာသောအခါ ကျွန်မတို့နှစ်ယောက် အမြွာညီအစ်မလို အမြဲ တွဲနေ၍ မဖြစ်တော့ဘူးဟု နှစ်ယောက်လုံး နားလည်လာခဲ့သည်။ သူသည် ကျွန်မရှေ့တွင် အောင့်ကို တမ်းတပြဖို့ ခဲယဉ်းလိမ့်မည် ဖြစ်သလို အောင့်ရှေ့တွင် ကျွန်မကို ငေးမော တွယ်တာဖို့လည်း ခဲယဉ်းပေလိမ့်မည်။ ထိုအချိန်မှစ၍ ကျွန်မနှင့် အောင်သည် မကြာခဏ သီသီသာသာ

(နှစ်ဦးသဘောတူ) ခွဲထွက်ကာ လက်တွေ့ စမ်းသပ်ခဲ့ကြသည်။ ရှစ်နေ့ကြုံတွေ့ခဲ့သမျှကို အရင်းအတိုင်း ပြန်လည် ပြောပြကြသည်။ တစ်ခါတစ်ရံ သူငယ်ချင်းနှစ်ယောက် တစ်ယောက် တစ်နေရာစီ ခွဲထွက်ရင်း ခပ်လှမ်းလှမ်း သူ မမြင်ကွယ်ရာလောက်ဆီမှ အကဲခတ်ကြည့်ဖူးသေး၏။ သူသည် ကျွန်မ မပါဘဲ အောင့်ကို မြင်ရလျှင် တစ်ချက်သာ စူးစူးစိုက်စိုက် ကြည့်ပြီး သူ့မျက်စိက ဟိုဟိုသည်သည် လိုက်ကြည့် အကဲခတ်လေ့ ရှိ၏။ ခပ်လှမ်းလှမ်းမှာ ကျွန်မ ချောင်ကပ်၍ ရှိနေကြောင်း မြင်သွားလျှင်တော့ လှစ်ခနဲ ပြုံးပြလိုက်သော သူ့မျက်ဝန်းများအောက်မှာ ကျွန်မ ညွတ်ခွေသွားတော့ မတတ် ကြည်နူး ပျော်ရွှင်ရလေသည်။ သို့သော် ကျွန်မကို အလျှင် မြင်တွေ့ပြီး အောင့်ကို မတွေ့ရသည့် အခါမျိုးတွင်လည်း သူ အောင့်ကို ပျာပျာသလဲ ဝေ့ဝဲ ရှာကြည့်မြဲ ဖြစ်၏။ အောင့်ကို မြင်သွားလျှင် သူ့ရှေ့မှာ ကျွန်မ နီးကပ်စွာ ရှိနေပါလျက် အောင်တစ်ယောက်သာ လောကတွင် ရှိနေသလို သူ ပြုံးပြ နှုတ်ဆက်ပြန်လေသည်။ ကျွန်မတို့၏ နည်းပရိယာယ်သည် သူ့စိတ်ကို ခွဲခြားသိဖို့ မစွမ်းသာခဲ့ပေ။

ဒီလိုနှင့်ပင် သူသည် ကျွန်မတို့နှစ်ယောက်ကို ဆေးတက္ကသိုလ် သက်တမ်းတစ်လျှောက်လုံး ဘယ်ယောကျ်ားထံမှ စိတ်မကစားဖြစ်အောင် ထိန်းချုပ် ညို့ယူစွမ်းရှိသော ကောင်လေး ဖြစ်ခဲ့ပါသည်။

* * *

ကျွန်မတို့ ချစ်မြတ်နိုးရသော ထိုကောင်ကလေး၏ ချောမွေ့ လင်းလက်သော မျက်နှာနှင့် တောက်ပသော အပြုံးကို ပြန်လည်ရင်ခုန်ရင်း အချို့ညများတွင် ကျွန်မတို့သည် တစ်ခုတင်တည်း ဘေးချင်းယှဉ် အိပ်လျက် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ မျှဝေ ခံစားခဲ့ဖူးသည်။

'အိရယ်... ငါ နင့်ကို ဘယ်လောက် ချစ်တယ်ဆိုတာ နင်သိတယ် မဟုတ်လား'ဟု အောင်က ဝမ်းနည်းစွာ မေးဖူးသည်။ ကျွန်မ ရုတ်တရက် မျက်ရည် ဝေ့လည်ကာ ခေါင်းခပ်သွက်သွက် ညိတ်ပြ၏။

'တကယ်လို့များ သူက ငါ့ကို ဖွင့်ပြောလာခဲ့ရင် ငါသူ့ကို လက်ခံမယ်လို့ နင်ထင်သလား ဟင်... အိ'

ထိုမေးခွန်းကို ကျွန်မ မဖြေဘဲ ခပ်ရိပ်ရိပ် ပြုံးနေသောအခါ အောင်က မျက်ရည် ဝဲလျက်က ကျွန်မလက်ကို ဆုပ်ကိုင် ဖျစ်ညစ်လေသည်။

'ငါသူ့ကို ငြင်းပစ်မှာပါ အိရယ်၊ တကယ်ပြောတာပါ၊ နင်း ယုံစမ်းပါဟာ၊ မိအောင်ဟာ သူငယ်ချင်းကို ချစ်သူထက် ပိုပြီး တန်ဖိုးထားတာနင်တွေ့လာပါလိမ့်မယ်'

အောင့်အသံ တိုးတိုးလေးက နိုင်မာ ပြတ်သားနေသည်။

'ငါ ယုံပါတယ် အောင်ရာ...၊ ဒါပေမဲ့ ဘာမှမဆိုင်ဘူး အောင်ရဲ့၊ သူငယ်ချင်းဆိုတာ တစ်သက်လုံး တွဲသွားလို့မှ မရဘဲ၊ ချစ်သူဆိုတာက ခင်ပွန်းအဖြစ် ယုံကြည် ကိုးစားထိုက်သူဆိုရင် တစ်သက်လုံး ကိုယ့်အေးမှာကောင်းတူဆိုးဖက် ကြင်နာမဲ့သူ အောင်ရဲ့၊ စိတ်ကူးမယဉ်ချင်ပါနဲ့ အောင်၊ မတူတာနှစ်ခုကို ယှဉ်ကြည့်ပြီး အသားလွတ် အနစ်နာခံတဲ့ သူရဲကောင်းစိတ်မျိုး မမွေးစမ်းနဲ့၊ သူ နင့်ကိုမှ ချစ်လာပြီဆိုရင် နင် ဒီလောက် ချစ်ရတဲ့လူကို ဘယ်သူ့အတွက်ကြောင့်မှ ဆုံးရှုံးမခံနဲ့ သိလား'

ကျွန်မက တိုးတိတ်စွာ နှစ်သိမ့်မိသည့်အခါ အောင်က အိပ်ရာမှ ထထိုင်ကာ ကျွန်မကို ငုံ့ကြည့်ပြီး တွေဝေနေ၏။ ထို့နောက် မေးသင့် မမေးသင့် ချိန်ဆနေပုံ မျက်နှာထားဖြင့် ကျွန်မကို မေးခွန်းတစ်ခု မေးပါသည်။

'နင်ဆိုလိုတာက တကယ်လို့ သူက နင့်ကို ချစ်လာခဲ့ရင် ငါ့ကို မငဲ့ဘဲ နင် သူ့ကို လက်ခံမယ်ပေါ့... ဟင်'

အလွန် ဖြေရခက်သော မေးခွန်းတစ်ခု ဖြစ်ပါသည်။ ကျွန်မက အောင့်လို စိတ်ကူးယဉ်တတ်သူ မဟုတ်ပေ။ တကယ်တမ်းတော့ သူ့ကို ရယူ ပိုင်ဆိုင်ဖို့အတွက် ဘယ်သူ့မျက်ရည်နှင့် လဲရ လဲရ၊ ကျွန်မ လဲရက်ပါသည်။ သို့သော် ထိုအဖြစ်မှန်ကို အောင့်ကို ဖွင့်မပြောရန် ကျွန်မ ထိန်းချုပ်ခဲ့ရ၏။ အောင့်ကို ပြုံးကြည့်ကာ ပိပိရိရိ လိမ်ရသည်။

'ဘယ်လက်ခံမလဲ အောင်ရာ၊ စောစောကပြောတဲ့ စကားက ငါ့ကို နင် ညှာစရာ မလိုဘူးလို့ နင်သိစေချင်လို့ ပြောလိုက်တာပါ၊ ဒီမယ် ကြည့်စမ်း၊ သူ့ကို ငါ ဘယ်လောက်ပဲ ချစ်ချစ် ဘယ်တော့မှ မယူဘူး သိလား အောင်'

ကျွန်မ၏ လိမ်လည်မှု ဘယ်လောက် ပီပြင်သလဲဆိုလျှင် အောင့်မျက်ဝန်းများ လက်ခနဲ ဖြစ်သွားကာ ကျွန်မကို အားရပါးရ ဖက်ပွေ့ ရယ်မောရင်း အောင် မျက်ရည်ကျခဲ့ပါသည်။ အောင့်မျက်ရည်ကို မြင်မှ ကျွန်မ အောင့်ကို ပိုချစ်သွားကာ မျက်ရည်ကျ ရယ်မောမိတော့သည်။

သို့သော် အောင်သည် ကျွန်မအပေါ် ငဲ့ညှာစိတ်ဖြင့် သူ့ကို တကယ်

စွန့်လွှတ်မှာလားဆိုတာ ကျွန်မ သံသယ ဝင်မိတာတော့ အမှန်ပဲ ဖြစ်၏။ ခေါင်းစဉ်တွေ ခွဲဝေမျှယူ၍ စာကျက်ပြီး ပြန်ရှင်းပြပေးသည့် အခါမျိုးက အစ လူနာစမ်းသပ် လေ့လာသည်အထိ တစ်ယောက်နှင့် တစ်ယောက် ငဲ့ ညှာကာ အေးအတူ ပူအမျှ ခံစား ခွဲဝေခဲ့ကြသော ကျွန်မတို့နှစ်ယောက်အား ယောကျ်ားတစ်ယောက်က အလွယ်တကူ စိမ်းကား ကွဲကွာစေနိုင်လိမ့်မည် ဟု ထင်သည်။

ကျွန်မ သူ့ကို လက်ခံလိုက်လျှင် အောင့်အမုန်းကို ကျွန်မ ရရှိလာ မည်လား။ ဒါကိုတော့ ကျွန်မ မခန့်မှန်းတတ်ပေ။ ထိုသံသယသည် ကျွန်မ အပေါ် ကာလများစွာ လွှမ်းမိုးထားခဲ့သည်။ အောင် သူ့ကို လက်ခံလိုက် လျှင်တော့ ကျွန်မ နာကျင်စွာ ဝမ်းနည်းမိမည်၊ နောက်ပြီး ရှက်ရွံ့ သိမ် ငယ်မိသည်။ သို့သော် အောင့်ကို ဘယ်တော့မှ မုန်းတီးမိမှာ မဟုတ်။ ဒါ ကတော့ သေချာသည်။ ကျွန်မတို့ သုံးယောက်၏ တိတ်တခိုး ပြဿနာသည် နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲ ပြီးဆုံး၍ သူ ပြင်ဦးလွင်တွင် အလုပ် သင် ဆရာဝန်အဖြစ် တာဝန်ကျပြီး၊ ကျွန်မတို့နှစ်ယောက်က မန္တလေးဆေး ရုံကြီးတွင် တာဝန်ကျချိန်တွင် လွှမ်းတသသဖွယ်ရာ ဖြစ်သွားခဲ့သေး၏။ နောက် သိပ်မကြာမီမှာပင် ဆုံးခန်းတိုင်အဖြစ်သို့ ရောက်ခဲ့ပါသည်။ ဘယ် လိုမျှ မျှော်လင့်မထားသော ဇာတ်သိမ်းကလေး ဖြစ်သည်။ ပြင်ဦးလွင်တွင် တွေ့ရသော ကျောင်းဆရာမလေး တစ်ယောက်နှင့် သူ လက်ထပ်သွားခြင်း ပင် ဖြစ်ပါသည်။

သူ့ဖိတ်စာကို အခြား သူငယ်ချင်းများနှင့်အတူ ကျွန်မတို့ လက်ခံ ရရှိခဲ့သည်။

အဆောင်နေ ကျောင်းသူဘဝကလို ကျွန်မတို့နှစ်ဦး အခန်းသတ်သတ် သာ နေခွင့်ရလျှင် အခန်းတံခါး စေ့စေ့ပိတ်ကာ တိတ်ဆိတ် ငြိမ်သက် စွာ မျက်ရည်ကျချင် ကျမိနိုင်သည်။ ကံဆိုးဝါးစွာပင် အလုပ်သင်ဆရာ ဝန် အမျိုးသမီးဆောင်မှာ အခန်းသီးသန့် မရှိသော ခန်းမကျယ်ကြီးထဲတွင် ခုတင်များ စီတန်းထားခြင်း ဖြစ်သောကြောင့် ကျွန်မတို့ အခန်းတံခါး မပိတ်နိုင်ပေ။ နှစ်ယောက်လုံး ပြိုင်တူ စောစော အိပ်ရာဝင်ကြဖို့လည်း ရှက်ရွံ့နေသောကြောင့် ကျွန်မနှင့် အောင်သည် ဆေးရုံဝင်းထဲတွင် တစ် ယောက်လက် တစ်ယောက်တွဲကာ ဖြည်းညင်းစွာ လမ်းလျှောက် နေခဲ့ ကြသည်။ ကျွန်မတို့ နှစ်ယောက်လုံး တမ်းတသော ငွေလမင်းအကြောင်း

မပြောမိအောင် ဟန်ဆောင် မျိုသိပ်ရင်း လူနာနှင့် ရောဂါများအကြောင်း ဟန်လုပ် ဆွေးနွေးနေခဲ့ကြသေး၏။ လမ်းလျှောက်ရင်း ဒူးများ ညွတ်ခွေကျကာ ငိုချင်စိတ် ပေါ်လာလျှင်တော့ နက်ပြာရောင် ကောင်းကင်မှ လဝန်းကို လိုက်ရှာ မော့ကြည့်ရင်း ခြောက်ကပ်စွာ ရယ်မောခဲ့ကြလေသည်။

ညသည် တဖြည်းဖြည်း တိတ်ဆိတ်စွာ နက်ရှိုင်းလာသည်။ နောက်ဆုံးတော့ ထိန်းချုပ်ထားမှုက ပြိုကွဲသွားလေသည်။

'သူ တို့ကို မချစ်ဘူးလားဟင် ... အိ'

အက်ကွဲသော အောင့် စကားသံကလေး၌ ရှက်ရွံ့မှုများစွာ ပါဝင်နေသောကြောင့် ကျွန်မ သနားသွားပါသည်။ အောင့် မျက်နှာတစ်ခြမ်းကို အုပ်မိုးနေသော ဆံပင်ပျော့ကလေးများကို ကျွန်မလက်နှင့် သပ်ဖယ်ပေးရင်း ပြုံးပြမိသည်။

'အချစ်ဆိုတာ တို့ထင်တာထက် ပိုပြီး နားလည်ရ ခက်တယ်နဲ့ တူတယ် အောင်ရယ်၊ နောက်ပြီး ယောကျ်ားတွေရဲ့အချစ်ဟာ မိန်းမတွေရဲ့ အချစ်နဲ့ မတူဘူးတဲ့'

ကျွန်မစကားက စမ်းတဝါးဝါး နိုင်လွန်းသဖြင့် ကျွန်မ ဘာကိုဆိုလိုမှန်း ကျွန်မကိုယ်တိုင်ပင် မသိနိုင်အောင် ဖြစ်နေသည်။

'သူ တို့ကို သတိရနေမယ်လို့ ထင်လားဟင်'

'သူ တို့ကို သတိရနေမှာ သေချာတာပေါ့ အောင်ရဲ့၊ ခုနစ်နှစ်တိတိ တွယ်တာခဲ့တဲ့ သံယောဇဉ်ကြီးကို အခုမှ တွေ့ရတဲ့ မိန်းမတစ်ယောက်က ဘယ်လိုလုပ် ဖြတ်တောက်ပစ်နိုင်ပါ့မလဲ၊ သူ တို့ကို မေ့မှာမဟုတ်ဘူး'

အောင့်ကို လိမ်ရသမျှ စကားထဲတွင် ဤစကားသည် ယုတ္တိမတန်ဆုံး ဖြစ်ပါသည်။

ကျွန်မတို့ နှစ်ယောက်သည် သူ့ မင်္ဂလာပွဲအတွက် လက်ဖွဲ့ကို အတန်းသားများထဲမှ မည်သည့် အုပ်စုနှင့်မျှ မရောဘဲ သီးသန့် ပြုလုပ်ခဲ့၏။ နှစ်ယောက်လုံး၏ ဆုံးဖြတ်ချက်အရ ထိုလက်ဖွဲ့ပစ္စည်းသည် သူ့ဇနီးနှင့် မသက်ဆိုင်သော၊ သူ့အတွက်သာ အသုံးဝင်သော သီးသန့်ပစ္စည်း ဖြစ်ရမည်။ အောင်က ဂျာကင်အင်္ကျီ လက်ဖွဲ့မယ်ဟု ပြောတော့ ကျွန်မ ခါးခါးသီးသီး ငြင်းမိ၏။

'မဖြစ်ဘူးအောင်၊ ယောကျ်ားအင်္ကျီဆိုပြီး ပေါ့ပေါ့မတွက်နဲ့၊ သူ့ မိန်းမကို ပေးဝတ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ဒါမှမဟုတ် လမ်းခရီး သွားရင်း

လာရင်း သူ့မိန်းမ ချမ်းလို့ ခြုံပေးရင်ကော'

အောင့်မျက်နှာက ဖျတ်ခနဲ ညှိုးသွားလေသည်။

'ဒါဖြင့် ဖိနပ်ကွာ'

ကျွန်မ ပြုံး၍ ခေါင်းယမ်းရပြန်၏။

'သူ့ခြေထောက် အတိုင်းအတာကို တို့မှ မသိတာ အောင်ရယ်'

နောက်ဆုံးတော့ နားကြပ် အနီရောင်ကလေးကို ကျွန်မတို့နှစ်ယောက် သဘောတူ ရွေးချယ်လိုက်လေသည်။ သူသည် နားကြပ်ကို သူ့မိန်းမအား ပေးကိုင်နိုင်တော့မည် မဟုတ်။ နားကြပ်ကလေးသည် သူ့ပုခုံးထက်တွင် တစ်သက်လုံး ရှိနေလိမ့်မည်။ နားကြပ်ကို အသုံးပြုတိုင်း ကျွန်မတို့ နှစ်ယောက်ကို သူ သတိရပေလိမ့်မည်။

လက်ဖွဲ့ပစ္စည်း လူကြုံနှင့်ပေးရန် လှလှပပ ထုပ်ပိုးပြီးနောက် သူ့ နာမည်၏ နောက်တွင် သူ့ဇနီး၏ နာမည်ကို နာကျင်စွာ ရေးခဲ့ရပါသည်။

* * *

တကယ်တော့ ဤဇာတ်သိမ်းပိုင်းကလေးသည် ကျွန်မတို့နှစ်ယောက် အတွက် အလွန်လှပကြောင်း ကာလကြာရှည်တော့မှ ကျွန်မ အခိုင်အမာ လက်ခံခဲ့တော့သည်။

အောင်နှင့် ကျွန်မ မုန်းတီး နာကျည်းမှု မရှိ။ တစ်ယောက်ကိုတစ် ယောက် တိတ်တခိုး မနာလိုမှု၊ ဝမ်းနည်း အားငယ်မှု၊ မခံချင်ဖြစ်မှုလည်း မရှိ။ ကျွန်မတို့ နှစ်ယောက် သူ့ကိုရယူဖို့ ကျိတ်၍ ယှဉ်ပြိုင်ခဲ့ကြသည် ဆိုလျှင် ယခုပွဲတွင် ဘယ်သူမျှ မနိုင်၊ ဘယ်သူမျှ မရှုံးပေ။

ပြိုင်ပွဲတွင် နှစ်သိမ့်ဆုကို ကြေညာခွင့် ရမည်ဆိုလျှင်တော့ ထိုဆုကို ရသူသည် ကျွန်မသာ ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ သတင်းစာတွင် ကျွန်မ၏ လက်ထပ်သတင်း ဖော်ပြပြီး နှစ်ပတ်အကြာတွင် အခြားလက်ဖွဲ့ များထက် နောက်ကျပြီး ရောက်လာသော သူ့လက်ဖွဲ့ လက်ဆောင်တစ်ခု ကို ကျွန်မ လက်ခံ ရရှိခဲ့သောကြောင့် ဖြစ်သည်။ ထိုလက်ဆောင်ထုပ် ကလေးကို ဖွင့်ကြည့်လိုက်သောအခါ သူ့ လက်ရေးများသည် ကျွန်မ မျက် ရည်ဖြင့် ဝါးသွားခဲ့လေသည်။ ကျွန်မသည် ဘုရားတလျက် မယုံကြည် နိုင်စွာ ရင်ခုန် တုန်လှုပ်ရင်း ပြုံးရယ်မိသည်။

သူသည် ကျွန်မကို သတိရနေခဲ့သည်ပါလား။ သူသည် ကျွန်မကို

မမေ့ခဲ့သူပါကလား။ ကျွန်မတို့ သူ့ကို စတင် စကားပြောသည့်နေ့ကို သူ ဘယ်တော့မျှ မမေ့ခဲ့ပါလား။

သူ လက်ထပ်သွား၍ နာကျင် ကြေကွဲရသော ကျွန်မ၏ ဝမ်းနည်းစိတ်သည် သူ့အမှတ်တရ လက်ဖွဲ့ပစ္စည်းကလေးကြောင့် လွင့်ပါး ပျောက်ကွယ်ခဲ့တော့သည်။ သူ့ လက်ဖွဲ့ပစ္စည်းမှာလည်း ကျွန်မ တစ်ဦးတည်းအတွက်သာ အသုံးဝင်သော ပစ္စည်း ဖြစ်ပါသည်။

အောင့်ကို ညှာတာစိတ်ဖြင့် ဤအကြောင်း ဘယ်တော့မျှ ပြန်မပြောတော့ပါဘူးဟု ကျွန်မ ဆုံးဖြတ်ချက် ချခဲ့သည်။

'အိ...'

'ဟင်'

'ငါ နင့်ကို ပြောစရာတစ်ခု ရှိနေတယ်'

ရှည်လျား ဖြောင့်စင်းသော အောင့် ဆံပင်များ တိုသွားပြီး တစ်ပတ်လျှို ဆံထုံးကလေးဖြင့် ဆရာဝန်ပီသစွာ ဣန္ဒြေရနေသော်လည်း အောင့် မျက်ဝန်းများ ညိုလဲ့ တောက်ပနေပုံမှာ ကျောင်းသူ ဘဝတုန်းကလိုပင် ဖြစ်သည်။

'ဘာလဲ အောင်'

'ငါ နင့်ကို ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်ဘူး၊ ဒါပေမဲ့ အခုတော့ ပြောချင်လာပြီ၊ ပြောလို့လည်း ဘာမှ ထူးခြားစရာ မရှိတော့ဘူးလေ'

ဆန်းကြယ်သော အောင့် စကားကြောင့် မီးရောင်အောက်မှ အောင့် မျက်နှာကို စိတ်ဝင်တစား အကဲခတ်မိသည်။ အောင့် အပြုံးသည် နှစ်ပေါင်းများစွာက အပြုံးလိုပင် လန်းဆန်း တောက်ပနေ၏။

'သိပ် အံ့ဩဖို့ကောင်းတာပဲ အိရယ်၊ ငါ မင်္ဂလာဆောင်တုန်းကလေ ဟိုတစ်ယောက်ဆီက မင်္ဂလာလက်ဖွဲ့ကလေး ရတယ်သိလား'

ကျွန်မသည် ကြားရသောစကားကို မယုံနိုင်စွာ အောင့်ကို ငေးနေမိသည်။ ဟိုတစ်ယောက်ဆီက...။ သူသည် အောင့်ကိုလည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပို့ခဲ့သည်တဲ့။ ကျွန်မ၏ လက်ကို အောင်က ဖျတ်ခနဲ ဆွဲယူ ဖျစ်ညစ်သည်။

'သူ လက်ထပ်သွားတုန်းကတောင် မျက်ရည်မကျမိတဲ့ ငါကလေ... သူ့ဆီက လက်ဖွဲ့ကို ရတော့မှ မျက်ရည်ကျမိသတဲ့ အိရယ်၊ နင် မအံ့ဩဘူးလားဟင်'

ကျွန်မသည် တုန်ခိုက်သည့် အောင့်ရယ်သံ တိုးတိုးကလေးကြောင့် ကြက်သီးထသွား၏။

'သူ ငါ့ကို သတိရနေခဲ့တယ် အိရဲ့၊ သူ ငါ့ကို မမေ့ခဲ့ဘူးပေါ့၊ တို့ နှစ်ယောက် သူ့ကို စနောက်ခဲ့တဲ့ အဖြစ်ကို သူ မမေ့ဘူး အိရဲ့ . . . သိလား၊ သူ ဘာလက်ဖွဲ့မယ်ဆိုတာ နင် ခန့်မှန်းကြည့်စမ်းပါ အိရယ်'

ကျွန်မသည် တစ်ခဏအတွင်း အောင့်ကို ခါးသီး မုန်းတီးသွားသော ကြောင့် ဖြုန်းခနဲ မျက်နှာလွှဲပစ်လိုက်ရသည်။

'ငါသိပါတယ် အောင်၊ လက်ပတ်နာရီကလေး မဟုတ်လား'

'ဟင် . . . နင် သိတယ်၊ နင် ဘယ်လိုလုပ် သိလည်းဟင် . . . အိ'

ကျွန်မ၏ ပခုံးကို စိတ်အားထက်သန်စွာ အောင်က ဆုပ်ညစ်လှုပ်ယမ်း လိုက်သည်။ ကျွန်မ အောင့်ကို လှည့်ကြည့်လိုက်၏။ ထို့နောက် အထက်စီး အပြုံးဖြင့် ပြုံးပြလိုက်မိသည်။

'ဘယ်လိုလုပ် သိလည်းဆိုတော့ ငါ့ကိုလည်း သူက ဆီကို နာရီကလေး လက်ဖွဲ့ခဲ့လို့ပေါ့ အောင်ရဲ့၊ ငါတစ်ယောက်တည်း သုံးလို့ရတဲ့ မိန်းမပတ် နာရီကလေးလေ'

ထိုစကားကို ပြောရသော အချိန်၌ ကျွန်မနှုတ်ခမ်းတွေ ချိုမြနေ သလို ခံစားရသည်။

မလှုပ်မယှက် ငေးမောသွားသော အောင့် မျက်ဝန်းများ မှုန်ဝေကျဉ်း မြောင်းသွား၏။ ကျွန်မသည် ငြိမ်သက်နေသော အောင့်ကို ကြည့်နေရင်း မှာပင် စကားတစ်ခုခုတော့ ပြောမှဖြစ်မည်ဟု ကိုယ့်ကိုယ်ကို တွန်းအားပေး နေမိသည်။ သို့သော် ကျွန်မ အောင့်ကို စကားမပြောချင်ပါ။

ညသည် နက်ရှိုင်းစွာ တိတ်ဆိတ်သွား၏။ လွန်ခဲ့သော ဆယ်နှစ် လောက်က ညတစ်ညတုန်းက ဤအလုပ်သင်ဆရာဝန် အမျိုးသမီးဆောင် ထဲမှာပင် ကျွန်မနှင့် အောင် ခုတင်ချင်းကပ်လျက် ပင့်သက်များစွာ ရှိုက် ကာ အိပ်ပျော်ဖို့ ကြိုးစားခဲ့ရဖူးသည်။ ဟိုတုန်းက တစ်ခုတင်စီဖြစ်၍ နှစ် ယောက်ကြားမှာ နေရာခြားနေခဲ့သော်လည်း သောကနှင့် ရှက်ရွံ့မှုကို မျှ ဝေ ခံစားစိတ် အပြည့်ဖြင့် နှစ်ယောက်သား နွေးထွေးစွာ နီးကပ်နေသလို ခံစားခဲ့ရပါသည်။

ယခုတော့ တစ်ခုတင်တည်း အတူအိပ်လျက် အသားချင်း ထိမတတ် နီးကပ်နေသော်လည်း ကျွန်မတို့နှစ်ယောက် အဝေးကြီး ဝေးနေသလို ခံစား နေရသည်။

'အိ…'

ကျွန်မ အောင့်မျက်နှာကို စိုက်ကြည့်နေမိသည်။

'အိရယ်… သူ တို့ကို ချစ်ခဲ့တယ်ပေါ့နော်'

ကျွန်မ မြင်နေရသော အောင့်နှုတ်ခမ်းများ တဖြည်းဖြည်းချင်း တောက်ပစွာ ပြုံးလိုက်သောအခါ ကျွန်မ မြင်ဖူးသမျှ အောင့်အပြုံးများတွင် အလှဆုံး ဖြစ်သွား၏။ ကျွန်မသည် စောစောကလေးက ဖြစ်ပေါ်ခဲ့သော မုန်းတီးမှုအတွက် နောင်တရသွားကာ မျက်ရည်ဝဲလျက် ခေါင်းညိတ်လိုက်မိ၏။

'ဟုတ်တယ် အောင်…၊ သူ တို့နှစ်ယောက်လုံးကို ချစ်ခဲ့ပါတယ်'

ဤတစ်ကြိမ်တွင် အောင့်ကို လိမ်ညာရုံသာမကဘဲ ကျွန်မ ကိုယ်တိုင်ကိုပါ ပြန်လည် လိမ်ညာမိခြင်း ဖြစ်ပါသည်။ ထို့နောက် ကျွန်မတို့နှစ်ယောက် ဟိုတုန်းကလိုပင် ပြန်လည် နပျိုသွားပြီး တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းဆိုင် ကြည့်ကာ တိုးတိုးတိတ်တိတ် ရယ်မောမိကြလေသည်။

ပျော်ပွဲစား

## ပျော်ပွဲစား

သစ်တောဏ်ံ အဝင်သို့ ရောက်သောအခါ သူတို့အားလုံး အတော်အတန် မောပန်း နွမ်းနယ်နေကြပြီ ဖြစ်သည်။ သို့သော် ခဏအကြာတွင် မောပန်း နွမ်းနယ်သမျှ ဝေဒနာအားလုံး လွင့်ပြယ်ကာ အေးစိမ့် တိတ်ဆိတ်မှု၏ ချမ်းသာသုခကို ကြုံတွေ့ ခံစားရတော့မည် ဖြစ်သည်။ ထိုမျှော်လင့်ချက်ဖြင့် သူတို့၏ မောပန်းမှုကို မေ့ပျောက်ထားနိုင်စွမ်း ရှိပါသည်။ တောက်ပ စူးရှသည့် နေပြင်းဒဏ်၊ ပူလောင်သည့် သဲပြင်နှင့် ခြောက်သွေ့ ကြမ်းရှသော ဖုန်ငွေ့များမှ လွတ်ကင်းရာ ဤကုန်းမြင့် ဒေသကလေးသို့ ရောက်ရတိုင်း သူတို့အားလုံး ချမ်းမြေ့ ကြည်နူးကြရသည်။

ဤနေရာကလေးသည် ရေပတ်လည် မြင်တွေ့နေရသော သူတို့ တံငါရွာကလေး တစ်ဝိုက်တွင် တစ်ခုတည်းသော စိမ်းစို အေးမြမှုတစ်ခု ဖြစ်သည်။ ဗီဒီယို မရှိ၊ ရုပ်ရှင် မရှိ၊ ကစားကွင်း မရှိ၊ ခမ်းနားသော စားသောက်ဆိုင် မရှိ၊ ဘာဖိမ်ခံ ပစ္စည်းမျှ မရှိသော မိမိတို့အနီးရှိ ရှားပါးလှသော အခမဲ့ ပန်းဥယျာဉ်ကြီးသဖွယ် ဖြစ်သောကြောင့် ဤနေရာသို့ လာရောက် အနားယူ အပန်းဖြေလိုသူများ အလွန် များပါသည်။ မိမိတို့ရွာနှင့် အနည်းငယ် လှမ်းသည့်အပြင် တောင်ကုန်းအမြင့်ကလေး ဖြစ်သောကြောင့် ဤကုန်းမြင့် သစ်တောကလေးသို့ ရောက်ရန် အနည်းငယ် အချိန်ယူရ၏။ ထို့ပြင် လူတိုင်း လူတိုင်းသည် နေ့စဉ် ငါးဖမ်းခြင်းအလုပ် လုပ်နေရသည် ဖြစ်ရာ အလုပ် ရပ်နားလေ့ရှိသော ဥပုသ်နေ့ ရောက်မှသာ ဤသစ်တော ဥယျာဉ်ကလေးသို့ လာနိုင်ကြ၏။

. . . . . . . . . . . .

ဧရိယာ သိပ်မကျယ်ဝန်းလှသော ဤတောအုပ်သို့ လာချင်သူက များပြားပြီး နေရာ အကျယ်အဝန်းက လူဦးရေနှင့် မမျှတသောအခါ ဥပုသ်ရက်တိုင်း ထိုတောအုပ်တွင် ပြဿနာ တစ်ခုမဟုတ် တစ်ခု အမြဲ ဖြစ်ခဲ့ရသည်။ လူဦးရေ ထူထပ်မှုကြောင့် တစ်မိသားစုနှင့် တစ်မိသားစု နေရာလုယက်ရာမှ ခိုက်ရန် ဖြစ်ပွားခဲ့ရ၏။ အသုံးအဆောင် ပစ္စည်း မှားယွင်းပျောက်ဆုံးခဲ့၏။ တစ်မိသားစု၏ ရယ်မော ပြောသံက တစ်မိသားစု၏ တခြားမိသားစု၏ သာယာမှုကို နှောက်ယှက်သည်ဟု ရန်ဖြစ်ခဲ့ရ၏။ ကြမ်းတမ်းသည့် ကလေးတချို့၏ ပြေးလွှား ခုန်ပေါက် ဆော့ကစားမှုကြောင့် ပျော့နွဲ့ ငြိမ်သက်သော ကလေးတချို့ကို ဒဏ်ရာ အနာတရ ဖြစ်စေသည်ဟု မိဘအချင်းချင်း ရန်ဖြစ်ခဲ့ကြရ၏။ ထိုအခါ ရွာသူကြီးမှာ မိမိရွာသားများ စိတ်ချမ်းသာမှုအတွက် တစ်နည်းတစ်ဖုံ စဉ်းစားခဲ့ရလေသည်။

ရွာမှာ အိမ်ခြေပေါင်း တစ်ရာ့ငါးဆယ်ခန့် ရှိရာ ဤနေရာကလေးအား ဥပုသ်ရက် တစ်ရက်လျှင် တစ်အိမ်စီ မျှဝေ ပိုင်ဆိုင်ခွင့် ပေးဖို့ဆိုလျှင် တစ်အိမ်သည် သုံးနှစ်ကြာမှ ဥပုသ်တစ်ရက်သာ ပိုင်ဆိုင်ခွင့် ရလိမ့်မည်။ ထို့ကြောင့် အကောင်းဆုံးနည်းမှာ သဘာဝတူ၊ စရိုက်တူ မိသားစု သုံးလေးစု မိမိတို့ အချင်းချင်း သင့်မြတ်စွာ ပူးပေါင်းစေ အုပ်စုတစ်ခုချင်း သီးသန့်ပိုင်ဆိုင်ခွင့်ရှိကြောင်း အခွင့်အရေး ခွဲဝေပေးခဲ့၏။ သို့သော် ပြဿနာမှာ မည်သူတို့က မည်သည့် ဥပုသ်ရက်ကို ရွေးချယ်ကြမည်နည်း။ နွေရာသီဖြစ်သော်လည်း ငါး ပုစွန် အကျများသော ရက်များတွင် ဤတောအုပ်သို့ ပျော်ပွဲစားထွက်ရန် မည်သည့် အိမ်ထောင်စုကမျှ စိတ်ဝင်စားသည် မဟုတ်။ ထိုအခါ ရွာလူကြီးသည် ကံဖြင့် အဆုံးအဖြတ်ပေးသော မဲစနစ်ကို အသုံးပြုခဲ့၏။ ရိုးအလှသော အောက်ခြေအလွှာမှ တံငါလုပ်သားများ ဖြစ်သောကြောင့် သူတို့သည် မကောက်ကျစ်တတ်ပေ။ ပေါက်မဲကို ငွေကြေးဖြင့် ဝယ်ယူရအောင်အထိ တစ်ယောက်က တစ်ယောက်ထက် ငွေကြေးလည်း မပိုလျှံ၊ လည်ပတ်မှုလည်း မပိုလျှံပေ။ ထို့ကြောင့်လည်း ရွာသူကြီး၏ ကြံဖြင့်လှသော သက်တမ်းတစ်လျှောက် ရွာသားအားလုံးသည် မိမိတို့ မိသားစု ရရှိသော အခွင့်အရေးထက် ပိုယူရန်လည်း မစဉ်းစားခဲ့ပေ။

ယနေ့အဖို့ သစ်တောအုပ်ကလေးသို့ တစ်နေ့တာ လာရောက် အပန်းဖြေခွင့်ရသော မိသားစု သုံးစုလုံးတွင် အလွန်ဆော့သော ကလေးများ ပါဝင်၏။ ကလေးများသည် တောအုပ် အဝင်မှာကတည်းက လူကြီးများနှင့် အုပ်

စုခွဲကာ မိမိတို့ နှစ်စဉ် ဆောင်းကစားရာနေရာသို့ ရောက်အောင် အပြေးအလွှား လာခဲ့ကြသည်။

ကလေးများ နှစ်သက်သော နေရာသည် လူကြီးများ နှစ်သက်သော နေရာနှင့် လုံးဝ ကွဲပြား၏။ လူကြီးများက အရိပ်အာဝါသ ကောင်းပြီး ပန်းရနံ့ မွှေးပျံ့သော လေညင်းလည်း တိုက်ခတ်သော အေးမြသည့် သစ်တော အလယ်ပိုင်းကို နှစ်သက်၏။ ထိုနေရာတွင် ပါလာသော စားသောက်ဖွယ်ရာများကို ဖြန့်ခင်းကာ ကျကျနန ထိုင်သူ ထိုင်၊ ပုဆိုးစုတ် ဖြန့်ခင်းလျက် လဲလျောင်းသူက လဲလျောင်းဖြင့် အေးချမ်းမှုကို ခံစားကာ စကားစမြည် ပြောကြသည်။ ကလေးများကတော့ အရိပ်ကိုလည်း မစွဲလမ်း၊ နေပူဒဏ်ကိုလည်း မကြောက်ရွံ့၊ သူတို့သည် စွန့်စားချင်ကြ၏၊ အားကျချင်ကြ၏၊ ပေးမော မျှော်လင့်ချင်ကြ၏။ ထို့ကြောင့် တောအုပ်ကုန်းမြင့်၏ ဟိုမှာဘက်စွန်း တောင်ကြားထိပ်အထိ မနားမနေ ပြေးခဲ့ကြသည်။

တောင်ကြားထိပ်စွန်း လွင်ပြင် ကျဉ်းကျဉ်းကလေးသို့ ရောက်လျှင် သူတို့အားလုံး အလျား မှောက်လိုက်ကြသည်။ နေရောင်သည် သူတို့ နဖူးတည့်တည့်မှ သူတို့ဆီ ထိုးကျလျက် ရှိသည်။ သူတို့သည် နဖူးအထက်တွင် လက်ကာသူက ကာ၊ ဦးထုပ်၏ လျှာကို နဖူးပေါ် ဆွဲချသူက ချလျက် နေရောင်အောက်က မြင်ကွင်းကို ရုပ်ရှင်ဇာတ်ကားတစ်ခု ကြည့်ရသလို စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

ဤတောအုပ်ကုန်းမြင့်၏ အနိမ့်ပိုင်းလွင်ပြင် မြစ်ကမ်းပါးတွင် မြို့တစ်မြို့ တည်ရှိသည်။ မြစ်သည် ဤကုန်းမြင့်ကို ကွေ့ဝိုက်လျက် ကျယ်ပြန့်စွာ စီးဆင်းသွားရာ သူတို့ ရွာကလေးသည်လည်း ဒီဘက် မြစ်ကမ်းပါး သဲသောင်ပြင်၊ ဟိုးက မြို့သည်လည်း မြစ်ကမ်းပါး ဒီဘက်မှာပင် ရှိနေ၏။ သို့သော် မြင့်မားသော တောင်ကုန်း တောအုပ်ကလေး ခြားနေသောကြောင့် ရွာနှင့် မြို့သည် ကုန်းမြေချင်း အဆက်အစပ် မရှိသလို ထင်ရသည်။ လှေသင်္ဘောဖြင့်သာ ဆက်စပ် သွားလာကြသည်။ ကလေးများကတော့ ဤကုန်းမြင့်မှ ကြည့်ရသည့် မြို့ရှုခင်းကို အံ့ဩမဆုံး ဖြစ်နေသည်။

အဆောက်အအုံများသည် တစ်နှစ်ထက် တစ်နှစ် ပိုမို မြင့်မားလာသည်။ ကစားစရာ ကားရုပ်ကလေးများလိုပင် ဟိုသည် ပြေးလွှားနေသော ကားရောင်စုံများသည် တစ်နှစ်ထက် တစ်နှစ် ပိုမို များပြားလာသည်။ တိုက်တာ အဆောက်အအုံများဆီမှ မှန်များသည် နေရောင်ဖြင့် အရောင်လက်

နေ၏။ တစ်ခါတစ်ခါ သူတို့ရှိနေသော တောအုပ်ဆီသို့ အလင်းရောင်က လက်ခနဲ ရောက်လာတတ်သည်။

'ဟော ဟိုမည်းမည်း အကွက်လေးကို မင်း မြင်လား၊ အဲဒါ ဈေးကြီး ကွ၊ အဲဒီမှာ ကစားစရာတွေရော၊ အင်္ကျီတွေရော အစုံရှိတယ်'

မြို့ကို မရောက်ဖူးသော ကလေးတစ်ယောက်ကို ရောက်ဖူးသော ကလေးတစ်ယောက်က ရှင်းလင်းပြနေ၏။

'ဟို နာရီစင်ကြီးကို မြင်လား၊ အဲဒီပေါ်ကို လှေကားနဲ့ တက်လို့ရ တယ်ကွ၊ တစ်ခါတုန်းက အဖေက ငါ့ကို အဲဒီ နာရီစင်ကြီးပေါ် ခေါ်သွား ဖူးတယ်။ ဟာ အောက်ကို လှမ်းကြည့်လိုက်ရင် သိပ်လှတာပဲကွာ၊ မင်း မြင် စေချင်တယ်'

'ဒီတောင်ကုန်းလောက် မြင့်လားကွာ ကဲ'

'ဒီလောက်တော့ ဘယ်မြင့်မလဲကွ၊ မင်းကလဲ ဒါပေမဲ့'

'ဒါဖြင့် လာပြောမနေနဲ့'

စရောက်ဖူးသော ကလေးက ပြတ်တောက်စွာ တားမြစ်လိုက်သည်။ သူတို့ တစ်ခဏ တိတ်ဆိတ်သွားသည်။ အောက်ဘက်မှ မြင်ကွင်းကို စိုက် ကြည့်နေကြ၏။ မနှစ်ကနှင့် ဘာများ ထူးခြား ကွဲပြားနေသလဲဟု သူတို့ စူးစမ်းကြသည်။ မြို့မြင်ကွင်းသည် တစ်နှစ်နှင့် တစ်နှစ် မတူညီပေ။ အမြဲ တမ်း ပြောင်းလဲလျက် ရှိသည်ကို သူတို့ သတိထားမိ၏။ ဥပမာ တစ်နှစ် ဆီက အဆောက်အအုံတစ်ခုသည် လေးထောင့် စတုဂံပုံကျကျ ဖြစ်ပြီး နောက်တစ်နှစ်တွင် ထိုအဆောက်အအုံသည်ပင် အောက်ခြေက ပိုကျယ် ဝန်းပြီး အပေါ်ပိုင်း အနည်းငယ် သေးသွားသော ကျောက်ကျောတုံးပုံစံ ဖြစ်သွားပြန်၏။ ဥပမာ တစ်နှစ်ဆီက လွတ်လပ်ရေး ကျောက်တိုင်၏ ပတ်လည်က ခြံဝန်းသည် ခပ်မြင့်မြင့် ကျောက်တုံးမြုပ်သော တံတိုင်းခြံဝင်း ဖြစ်ပြီး နောက်တစ်နှစ်ကျပြန်တော့ ထိုကျောက်တုံး အုတ်တံတိုင်း မဟုတ် တော့ဘဲ အနိမ့်စား အုတ်တံတိုင်းတိုတိုနှင့် ၎င်းအပေါ်မှ သံတိုင်များ ထပ် စိုက် ကာရံထားသော ခြံဝင်း ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ယနေ့လည်း မနှစ်ကထက် ထူးခြားသော အပြောင်းအလဲ တစ်ခုခု တွေ့ရမလား ဟူသော ထူးဆန်းမှုဖြင့် ဟိုဟိုဒီဒီ ဝေ့ဝဲ ကြည့်ကြသည်။

ဆိပ်ခံ သောတံတားများနှင့် ကုန်လှောင်ရုံများ၏ အရောင်အသွေးမှာ မနှစ်ကအတိုင်းပင် ဖြစ်သည်။ မြစ်ဆိပ်ကမ်းမှာ ရှိသော လှေများ၊ ကူးတို့

သဘော်များဆီမှာ ပုရွက်ဆိတ်ကလေးတွေလိုပင် လူအများ သွားလာ လှုပ်ရှားနေကြသည်။ မြို့ထဲပိုင်း မြင်ကွင်းကို သူတို့ မျက်စိမှေး အာရုံစိုက် ကြည့်ကြပြန်၏။ ဤတွင် ထူးခြားမှုတစ်ခုကို တွေ့ရသည်။

ကွက်လပ်ဟူ၍ မရှိသလောက် ပြည့်ကျပ်နေသော အဆောက်အအုံများအကြားတွင် ကွက်လပ်ကြီးတစ်ခုကို သူတို့ မြင်လိုက်ရ၏။ တစ်ယောက်က လက်ညှိုး ညွှန်ပြသည်။ သူတို့အားလုံး ထိုကွက်လပ်ကြီး၏ မူလ အရင်းအမြစ်သည် ဘာလဲဟု မသိကြ။ ထိုကွက်လပ်နေရာကို မျက်စိမှာ အလွတ်ကျက်မှတ်ထားဖို့တော့ သတိရကြ၏။ နောင်နှစ် ဤနေရာသို့ လာကြသည့်အခါ ယခုလိုပင် တောင်ကြားထိပ်မှ ငုံ့ကြည့်ရသည့်အခါ ဤကွက်လပ်သည် မည်သို့ ပြောင်းလဲသွားမည်နည်း။ တစ်ယောက်နှင့် တစ်ယောက် ထင်ကြေး ပေးကြသည်။ တစ်ယောက်၏ အဆိုကို တစ်ယောက်က ငြင်းဆိုကြသည်။

'ကလေးတွေ ထမင်းစားကြမယ်'

တောအုပ်အစပ်မှာ လူကြီးတစ်ဦးက လာရပ်ပြီး သူတို့ကို လှမ်းခေါ်၏။ သူတို့အားလုံး လှည့်မကြည့်အားကြပါ။ အလွန်လှပသော အဆောက်အအုံသစ် တစ်ခုကို မြင်လိုက်ကြသောကြောင့် ဖြစ်သည်။ အဆောက်အအုံသည် အညိုရောင် မှန်များဖြင့် အပြည့်ဖြစ်သောကြောင့် ရုပ်ပုံ စာအုပ်ထဲမှာ တွေ့ဖူးသော ခမ်းနားသည့် နိုင်ငံခြား ဟိုတယ်တစ်ခုနှင့် ဆင်တူသည်။ ထိုအဆောက်အအုံကြီးကို မနှစ်က မြင်မိသည်ဟု မထင်ချေ။

'သေချာပါတယ်ကွာ၊ ဒါ အခုနှစ်မှ ဆောက်လိုက်တာပါ'

တစ်ယောက်က မှတ်ချက်ချပြီး သူတို့အားလုံး ထိုအဆောက်အအုံပေါ် တက်ကြည့်ချင်စိတ်ဖြင့် အားကျစွာ ငေးမောနေကြရသည်။

'ဟေ့ကောင်တွေ လာကွာ၊ ဒီလောက် နေပူတဲ့ဟာ အရိပ်ထဲကိုလာ၊ ထမင်းစားဖို့ အချိန်ရောက်နေပြီ'

နောက်တစ်ကြိမ် ထပ်ခေါ်သောအခါ အားလုံး နေရာမှထ၍ တောအုပ်ထဲသို့ လိုက်ခဲ့ကြရတော့သည်။

တောအုပ်ထဲသို့ ရောက်ပြန်တော့ သူတို့ ပျော်ကြရပါသည်။

ရောင်စုံပန်းများ ပွင့်သည့် မြေကပ် ချုံပင်များ၊ ပင်မြင့်များ၏ ပင်စည်တွင် နွယ်တက် လိမ်ယှက်ပေါက်သော ကပ်ပါးနွယ်ပင်များဖြင့် သစ်တောသည် မွေးပျံ့လျက် ရှိသည်။ ပင်မြင့်များကတော့ အဖိုးတန်သစ်များ

မဟုတ်ကြပါ။ ရာတာပင် အနည်းငယ်သာ ပါဝင်သည်။ ပိန္နဲပင်နှင့် သရက်ပင် အနည်းငယ် ပါဝင်သည်။ သူတို့ အဘိုးများ စိုက်ခဲ့သော သစ်ပင်များဟု သိရပါသည်။

'တို့အဖေတွေ အဘိုးတွေက မင်းတို့နဲ့ မင်းတို့ သားသမီးတွေအတွက် စိုက်ခဲ့ကြတာ'ဟု အဖေတို့က ပြောစဉ် သူတို့ တအံ့တဩ ခေါင်းညိတ်ခဲ့ရသည်။ သူတို့ သိပ်စိတ်မဝင်စားပါ။ ကမ်းခြေက အုန်းသီးများလောက် သူတို့ မက်မောခြင်း မရှိပါ။

သူတို့ ရောက်သောအခါ ထမင်းဝိုင်းသည် အဆင်သင့် ဖြစ်နေပြီ။

ငါးကင်နံ့သည် မွှေးပျံ့လျက် ရှိသောကြောင့် သူတို့ ထမင်း ဆာလာသည်။ သူတို့ အစ်ကိုတစ်ယောက် ရလာသော ငှက်တစ်ကောင်ကို သူတို့အားလုံး မျှဝေစားကြသည်။ လူကြီးများက တောထဲက ဟင်းရွက်ဖြင့် ချက်သော ဟင်းချိုကို မြိန်ရည်ယှက်ရည် သောက်နေကြစဉ်တွင် သူတို့က တစ်ကောင်တည်းသော ပုစွန်ထုပ် မီးကင်ကို ဝေခွဲ မတည့်နိုင်ဘဲ ဖြစ်နေသည်။ သူတို့သည် ရေချိုပုစွန် ဖမ်းရာ၌ ကျွမ်းကျင်ကြသောကြောင့် မကြာခဏ မိပါသည်။

သို့သော် ပုစွန်မှာ ဈေးအလွန်ရသောကြောင့် သူတို့ မစားရပါ။ တစ်နှစ်တွင် တစ်ခါလောက်သာ စားခွင့်ရသော ပုစွန်ထုပ်ကို သူတို့ အလွန် မက်မောသည်။

လေညင်းသည် အရပ်ရှစ်မျက်နှာမှ တိုက်ခတ်နေသည်ဖြစ်ရာ သူတို့အားလုံး လေညင်း၏ ချော့သိပ်မှုကြောင့် ထမင်းစားရင်းပင် မျက်တောင်များ စင်းလာ၏။ စကားသံများ တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။ ထမင်းလုတ်များ တဖြည်းဖြည်း နှေးကွေးသွားသည်။ နေသည် သစ်ပင်ပေါ်တည့်တည့်သို့ တဖြည်းဖြည်းချင်း ရောက်လာပြီး ထိုမှတစ်ဆင့် အနောက်ဘက်သို့ စွန်းထွက်စ ပြုလာသည်။

ထို့နောက်တော့ သူတို့အားလုံး တောအုပ်အလယ်တွင် အေးချမ်းစွာ လဲလျောင်းလိုက်ကြသည်။ မွှေးပျံ့သော ပန်းရနံ့သည် သူတို့ကို အိပ်မွေ့ချလျက် ရှိသောကြောင့် သူတို့အားလုံး ခဏအကြာတွင် အိပ်မောကျသွားလေသည်။ ကလေးများက တစ်နေရာ၊ လူကြီးများက တစ်နေရာ ဖြစ်၏။ ကလေးများသည် တောအုပ်၏ မြို့ဘက်နီးသော အစွန်၌ စုဝေး အိပ်ပျော်ကြပြီး လူကြီးများက ရွာဘက်နီးသော အစွန်၌ စုဝေး အိပ်ပျော်နေကြသည်။

ကလေးများ၏ အိပ်မက်က လှပသည်။ နှစ်စဉ် မက်နေကျ အိပ်မက်များလည်း ဖြစ်သည်။

သူတို့သည် အိပ်မက်ထဲတွင် ခမ်းနားသော အဆောက်အအုံကြီးများအတွင်း လှည့်ပတ် သွားလာလျက် ရှိ၏။ သူတို့၏ ပိုက်ကွန်များ၊ ရွက်ဖျင်တဲများ၊ ခနိမိုး ခနိကာ တဲများ၊ ဝါး ကွပ်ပျစ်များသည် သူတို့၏ နောက်တွင် မှုန်ဝါးစွာ ကျန်ခဲ့၏။ မိုးထိမြင့်လှနီးပါး အဆောက်အအုံ ဝရံတာတစ်ခုတွင် သူတို့ရပ်၍ မြင်ကွင်းကို အံ့မခန်း ငေးမောကြည့်နေကြသည်။ မြစ်ပြင်သည် ကွေ့ဝိုက်လျက် တဖြည်းဖြည်း ကျယ်ကျယ်လာပြီး ဟိုးအဝေးမှာ ပင်လယ်ဆီသို့ ပူးပေါင်းသွားသည်။

သူတို့သည် မြစ်ပြင်ပေါ်က လှေငယ်များပေါ်တွင် သူတို့ အဖေများ အစ်ကိုများကို လှမ်းမြင်ရ၏။ သူတို့ ခုန်ပေါက် ပျော်ရွှင်စွာ လှမ်းအော်ပြီး လက်ပြ ဝှေ့ယမ်းကြသည်။ အဖေတို့က မော့ကြည့်ကာ ရယ်မောလျက် ရှိသည်။ မှန်ပြတင်းများ အတွင်းသို့ သူတို့ ရောက်သွားကြ၏။ ကောင်းကင်သည် သူတို့နှင့် လက်တစ်ကမ်းမှာ ရှိနေသည်။

တိမ်များသည် အဆုပ်လိုက် အဆုပ်လိုက် သူတို့ အခန်းတွင်းသို့ အောက်တွင် မြင်နေရသောအခါ သူတို့ ပျော်ရွှင်ကြ၏။ အသံကုန်ဟစ်ကာ အော်ဟစ် စကားပြောသော်လည်း လေတိုက်ခတ်မှု ပြင်းထန်သောကြောင့် ဆူညံသံများကိုသာ ကြားရ၏။ စကားသံ သဲကွဲခြင်း မရှိ။ အသံများသည် တဖြည်းဖြည်း ပိုပိုဆူညံလာကြသည်။

ထို့နောက် ကလေးများ အိပ်ပျော်ရာမှ ရုတ်တရက် နိုးလာကြသည်။

သူတို့သည် အပြင်လောကမှာလည်း တကယ်ပင် အသံများ ကြားနေရသည်။ အသံများသည် သူတို့ဆီသို့ တဖြည်းဖြည်း နီးလာကြ၏။ မြို့ရှိရာ အရှေ့ဘက်ဆီမှ ဖြစ်သည်။ သူတို့ တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး တိတ်တဆိတ် ထရပ်လိုက်ကြသည်။ ထို့နောက် တောအုပ်အစွန်သို့ သွားရောက် နားထောင်ရန် ခြေလှမ်း ပြင်လိုက်ကြသည်။ ထိုအချိန်မှာပင် တောအုပ် အစပ်ဆီမှ ကျယ်လောင်သော စကားသံများနှင့် ဖိနပ်သံများကို ကြားရသည်။

'ကျွန်တော် ပြောတယ် မဟုတ်လား၊ တော်တော် အေးချမ်းတဲ့ နေရာပါဆို'

'လေတော်တော် ကောင်းတာပဲဗျ၊ တော်တော် သန့်စင်တဲ့လေ'

ကလေးများသည် တဖြည်းဖြည်း နီးလာသော လူစုကို တိတ်ဆိတ်စွာပင် ရပ်ကြည့်နေကြ၏။ မြို့ပေါ်မှ လူများ ဖြစ်ကြောင်း သူတို့ သိလိုက်ကြသည်။ အဝတ်အစား တောက်ပ သစ်လွင်ပြီး ရှိုးကျကျ ဝတ်ဆင်ထား၏။ လူတစ်ယောက်က နဖူးထိပ်မှာ ဆံပင်မရှိ၊ တစ်ယောက်က လက်မှ တောင်ဇေးလိုလို သတ္တုတုတ်တံ တစ်ခုကို ဟန်ပန်ကျကျ ကိုင်ထား၏။ တစ်ယောက်က လက်နှစ်ဖက်ကို ဆန့်၍ ရင်ကိုဖွင့်ကာ အသက်ကို အားရပါးရ ရှူလိုက်သည်။

'တောင်ကုန်း အတက်လမ်းကတော့ နည်းနည်း မတ်တယ်နော်'

ကလေးများ မသိမသာ နှာခေါင်း ရှုံ့လိုက်ကြ၏။ မိမိတို့ ရွာဘက်က အတက်လမ်းသည် ပို၍ မတ်စောက်ကြောင်း သူတို့ ပြောပြချင်သည်။ သို့သော် မပြောဖြစ်ပါ။ နောက်ဆက်တွဲ စကားတစ်ခွန်းကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

'ကိစ္စ မရှိဘူး၊ လမ်းပြင်တာက မကြာပါဘူး'

ထိုအုပ်စုသည် ကလေးများကို မျက်စိရှန်းကာ ကြည့်လျက် မမြင်သလိုပင် ဖြတ်ကျော်သွားကြ၏။ ကလေးများသည် မိမိတို့ မိခင်၊ ဖခင်များကို သွားနိုးရန် စိတ်ကူးသေးသည်။ သို့သော် သူတို့ သွားနိုးစရာ မလိုပါ။ ထိုအုပ်စုက ပေကြိုးများဖြင့် ကုန်းမြင့်လွင်ပြင်ကို ဟိုဘက် ဒီဘက် အရပ်လေးမျက်နှာ တိုင်းထွာရန် ကြိုးစားချိန်တွင် လူကြီးများ နိုးလာကြသည်။ သူတို့သည် အနည်းငယ် ကြောင်အစွာ ခဏ ငေးမောနေပြီးနောက် အလိုက်သိသိဖြင့် မိမိတို့ အိုးခွက်ပန်းကန်များကို စတင် သိမ်းဆည်းတော့သည်။

'ကဲကဲ ရေယာ စုစုပေါင်းကို တွက်ကြည့်ကြရအောင်'

မိမိတို့၏ ဥပုသ်ပျော်ပွဲစား တစ်နေ့တာသည် ဤမှာပင် ပြီးဆုံးသွားပြီဟု သူတို့အားလုံး သဘောပေါက်သွားကြ၏။ ထူးဆန်းသည်မှာ ထိုအုပ်စုသည် ကလေးများကိုသော် လည်းကောင်း၊ လူကြီးများကိုသော် လည်းကောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်တွင် ရှိသည်ဟု အသိအမှတ် မပြုခြင်းပင် ဖြစ်သည်။

'သူတို့ ဒီတောအုပ်ကလေးကို ဘာလာလုပ်ကြတာလဲ'

ကလေးတစ်ယောက်က တိုးတိုးသံဖြင့် မေး၏။

'မသိဘူး၊ ပျော်ပွဲစားထွက်တာတော့ မဟုတ်ဘူးကွ'

'ပေကြိုးနဲ့ တိုင်းနေတာကွ၊ သစ်ပင်တွေ ခုတ်ဖို့လား'

'မဖြစ်နိုင်ဘူး၊ ဒီသစ်ပင်တွေက ရောင်းစားလို့မှ မရဘဲ'

သူတို့ ဦးနှောက်ခြောက်အောင် စဉ်းစားနေကြရသည်။ သစ်ပင်တွေကို ခုတ်မယ်ဆိုရင် သစ်ပင်တွေကို ပေကြိုးနဲ့ တိုင်းမှာပေါ့ဟု တစ်ယောက်က ရှင်းပြသောအခါ သူတို့အားလုံး လက်ခံကြ၏။

'ဒါဖြင့် အိမ်တွေ ဘာတွေ ဆောက်မလို့များလား'

တစ်ယောက်က ထင်မြင်ချက် ပေးသည်။

'ဟ အိမ်ဆောက်ရင် ရေက ဘယ်က ရမှာလဲ၊ သောက်ရေ၊ ချိုးရေ'

အားလုံးက ထိုကလေးကို အ လှချည်လားဟူသော မျက်နှာထားဖြင့် ဝိုင်းကြည့်ကြ၏။

'ဟာ မင်းကလဲ လျှပ်စစ်မော်တာနဲ့ အမြင့်ကြီးကို ရေတင်လို့ ရတယ်ကွ၊ ငါတွေ့ဖူးတယ်၊ ခလုပ်ကလေး နှိပ်ရုံနဲ့ ရေတွေ တက်လာတာ၊ ရေပုံးနဲ့တောင် ခပ်စရာ မလိုဘူး'

အံမယ် ဒါတော့ ငါသိပါတယ်'

ထို့နောက် သူတို့သည် ထိုအုပ်စု၏ မသဲမကွဲ ဝေးသွားသော စကားများကို နားထောင်ရင်း ဇဝေဇဝါ ဖြစ်နေကြသည်။

'ရှုခင်းက တော်တော်လှတာပဲဗျာ၊ ဟောဟိုမှာ ကြည့်စမ်းပါဦး၊ ပင်လယ်ဝကို လှမ်းမြင်နေရတယ်၊ အကောင်းဆုံးနေရာပဲဗျ'

'ကျောက်လွှာမြေ ပါပုံမရဘူးနော်'

'နေထွက်တာနဲ့ နေဝင်တာကို ကောင်းကောင်း ခံစားလို့ ရတာပေါ့'

'ဧည့်သည်တွေ တော်တော်သဘောကျမှာ သေချာတယ်'

ကလေးများသည် အနည်းငယ် မတင်မကျ ဖြစ်လာ၏။

ဤတောအုပ်သို့ သူတို့ နောက်နှစ်တွင် ပျော်ပွဲစားလာရန် ဖြစ်မှ ဖြစ်နိုင်ပါ့မလားဟု သံသယ ဝင်လာကြသည်။

'အပြန်ကျရင် သူကြီးကို တိုင်ပြောတာပေါ့ကွာ'ဟု ကလေးတစ်ယောက်က အားပေး နှစ်သိမ့်သလို ပြောတော့ ကလေးအားလုံး သူ့အား ဝိုင်းဟားကြ၏။ ထို့နောက် မိဘများရှိရာ တောအုပ်အလယ်သို့ လေးကန်သော ခြေလှမ်းများဖြင့် လျှောက်လာကြသည်။

'ဒီနေရာကို ငါတို့ရွာက ပိုင်တာပါကွာ၊ သေချာပါတယ်'

ကလေးတစ်ယောက်က ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ဖြေသိမ့်၏။ သို့သော် အခြားတစ်ယောက်က သူ့ကို ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

'ရှူး တိုးတိုးကွ၊ ကြားသွားဦးမယ်၊ မဟုတ်ဘူး၊ ငါတို့ရွာကိုတောင် သူတို့ မြို့ကပဲ ပိုင်တာတဲ့၊ အဖေက ငါ့ကို ပြောဖူးတယ်'

ထို့နောက် ကလေးများ တိတ်ဆိတ်သွားကြသည်။ ခပ်လှမ်းလှမ်းမှာ သူတို့မိဘများက သူတို့ကို စောင့်နေ၏။ လူကြီးများထံမှ တစ်ခုခု အဖြေ သိရနိုးနှင့် မျှော်လင့်ခဲ့သော ကလေးများသည် ဘာအဖြေမှ ရမလာခဲ့ပေ။ လူကြီးများ၏ မျက်နှာအားလုံး ဗလာ ဖြစ်နေသည်။ သူတို့ ပတ်ဝန်းကျင် သစ်ပင်အလွန်၌ ခြေသံများ၊ စကားသံများ၊ ရယ်မောသံများသည် သူတို့ နှင့် နီးလာလိုက် ဝေးသွားလိုက် ရှိသည်။

နေရောင်သည် အနောက်ဘက် မြစ်ကမ်းခြေ ရှိရာသို့ လျင်မြန်စွာ ကျဆင်းလာ၏။ ကောင်းကင်မှ တိမ်အဆုပ်များ အောက်ခြေတွင် လိမ္မော် ရောင် တောက်ပလျက် ရှိသည်။ သူတို့အားလုံး ဤတောအုပ်မှ ထွက်ခွာ ရန် အချိန်ရောက်ပြီ။

သူတို့၏ တစ်နှစ်တစ်ခါ ရရှိသော ဥပုသ်ရက် အချိန်နာရီသည် ကုန် ဆုံးသွားပြီ ဖြစ်သည်။

သုရင်းဇာ:

## သူရင်းငှား

ကောင်းကင်တွင် တိမ်များ တရိပ်ရိပ် ပြေးလွှားနေ၏။ အရပ်ရှစ်မျက်နှာမှ အေးမြ သန့်စင်သော လေသည် ကျွန်မ၏ ကိုယ်ခန္ဓာကို ဝါဂွမ်းဆိုင်ကလေး တစ်ခုပမာ ပေါ့ပါး လွင့်မြောစေလျက် ရှိသည်။ ကန်သင်းရိုးပေါ်မှ ခြေ အစုံသည်သာ မြမြစွာ တွယ်မထားမိလျှင် တိမ်မျှင်တိမ်စများနှင့် အတူ ကျွန်မ ပါသွားတော့မလို ထင်ရသည်။ ကျွန်မ၏ ရှေ့နောက် ဝဲယာမှာ တော့ စိမ်းတစ်ကွက် ဝါတစ်ကွက် လယ်ကွင်းများ၊ ရင့်မှည့်သော စပါးနံ့တို့ ၏ အလေးချိန်ကြောင့် ကိုင်းညွတ်လျှက် လေအဟုန့်တွင် ဟိုသည် ယိမ်းနွဲ့ နေသော စပါးပင်များ။

ကျွန်မနှင့် ဘယ်လိုမှ မသက်ဆိုင်သော နေရာစိမ်း တစ်ခုသို့ ရောက် နေသည်ဟု ထင်စရာ ရှိပါသည်။ ဤနေရာသည် ဆေးရုံတစ်ခု မဟုတ်၊ ဆေးခန်းတစ်ခု မဟုတ်၊ လူနာအိမ် တစ်အိမ်လည်း မဟုတ်၊ ကျဉ်းမြောင်း မြင့်မားစွာ (အထပ်ထပ်) ဆောက်လုပ်ထားသော ကန်ထရိုက် တိုက်ခန်း များ မဟုတ်၊ သူ့ထက်ငါ ယှဉ်ပြိုင်၍ စီတန်း မောင်းနှင်နေသော ဆူညံ သည့် ကားကြီးကားငယ်များပင် မရှိ။ မိမိ၏ ကျဉ်းမြောင်းသော နေစရာ အခန်းလေးများဆီသို့ သုတ်သီးသုတ်ပြာ အပြေးအလွှား သွားနေကြသော အရေးတကြီး မျက်နှာများ မရှိ။ ကောင်းကင်နှင့် စပါးခင်း၊ လတ်ဆတ် သောလေ၊ ဒါပဲ...။ အို... ခပ်လှမ်းလှမ်း လယ်ကွင်းများဆီမှာတော့ လူ တစ်စုကို မြင်ရသည်။ တံစဉ်များ ကောက်လှိုင်းစည်းများ... လောဘရမ္မက် မရှိသော ကြည်လင်သည့် မျက်နှာများ။ သူတို့သည် ကျွန်မကို သတိထား မိဟန်ပင် မတူပါ။ သတိထားမိလျှင်လည်း သူတို့နှင့် မဆိုင်သော သူစိမ်း

............

စိန်ခြယ် မဂ္ဂဇင်း ဇန်နဝါရီ ၁၉၉၅

တစ်ယောက်အဖြစ် အမှတ်တမဲ့ ဖြတ်ကျော်သွားကြလိမ့်မည်။ ကျွန်မ၏ ဝတ်စားဆင်ယင်ပုံ၊ ဟန်ပန်တို့မှာ လယ်ကွင်းနှင့် မည်သို့မျှ ဆက်စပ်မရှိလောက်အောင် စိမ်းလျက် ရှိပါလိမ့်မည်။

သို့သော် အလွန်သေချာသော အဖြစ်မှန်တစ်ခုမှာ ဤလယ်မြေများသည် ကျွန်မ၏ လယ်မြေများ ဖြစ်ကြသည်။

ကျွန်မကို လယ်ပိုင်ဆိုင်သူ တစ်ယောက်အနေနှင့် သိလိုက်ရလျှင် လူတော်တော်များများ အံ့ဩစွာ ရယ်မောကြပါလိမ့်မည်။ ရန်ကုန်မှာ မြေကလေး တစ်ကွက်စာသော်မှ ပိုင်ဆိုင်ရန် ဝယ်ယူဖို့ မတတ်နိုင်သောကြောင့် မြင့်မားသော တိုက်ခန်းလှာကလေး တစ်ခုမှာသာ နေထိုင်ရသော ကျွန်မသည် ဟောသည် ပတ်ဝန်းကျင်မှာ ကျွန်မ လက်ညှိုးညွှန်သမျှ မြေနေရာအားလုံးကို ပိုင်ဆိုင်လျက် ရှိသည်။ ထိုအဖြစ်မှာ အံ့ဩစရာ၊ ထို့အပြင် ပျော်ရွှင် ကျေနပ်စရာလည်း ဖြစ်သည်။ ကျွန်မတို့လို လူတန်းစားများအတွက် မြေပိုင်ဆိုင်ဖို့ ဆိုသည်မှာ မဖြစ်နိုင်သော ဟာသတစ်ခုသာ ဖြစ်သည် မဟုတ်လား။

ကျွန်မသည် ကန်သင်းရိုးမှ ဖွဲဆင်းလိုက်ပြီး လယ်ကွက်ထဲမှ မြေစိုင်မြေခဲ အချို့ကို ကောက်ယူ ဆုပ်ကိုင်ကြည့်မိသည်။ ထို့နောက် နမ်းကြည့်မိ၏။ မြေ၏ ရနံ့သည် ကျွန်မ၏ အဆုပ်ထဲသို့ သင်းပျံ့စွာ ဝင်ရောက်သွားသည်။ ဤရနံ့သည် ကျွန်မ နှစ်ပေါင်းများစွာ မေ့လျော့ထားခဲ့သော ရနံ့ ဖြစ်သည်။ ဤရနံ့သည် ဘွားဘွားကိုလည်း ကျွန်မထံ ပြန်လည် ခေါ်ဆောင်လာနိုင်စွမ်း ရှိပါသည်။ ဤမြေသည် ဘွားဘွား ပိုင်ဆိုင်သော လယ်မြေ ဖြစ်သည်။ မေမေ့လက်ထက်တွင် ပိုင်ဆိုင်ခွင့်အားလုံး ဆုံးရှုံးခဲ့ရသော မြေ ဖြစ်သည်။ ကျွန်မ အသက်အရွယ် ရလာသော အခါမှာတော့ ပိုင်ဆိုင်ခွင့်ကို ပြန်၍ ရခဲ့ပြီ။

သို့သော် ပိုင်ဆိုင်ခွင့်ကို ရသည့်အချိန်တွင် ကျွန်မ၌ ပိုင်ဆိုင်လိုသော ဆန္ဒ နည်းပါးခဲ့ပြီ။ လယ်မြေထက် ပိုခင်တွယ်မိသော အရာများ ကျွန်မ၌ များစွာ ရှိခဲ့မိသည်။ ထို့ကြောင့်လည်း အမှန်တကယ် မြတ်နိုး လိုအပ်သူ၏ လက်မှာ ဤလယ်မြေ ဆက်လက် ရှင်သန်ခွင့် ရနေခဲ့သည်။ ယခုတော့ ကျွန်မ ဤမြေပေါ်မှာ မြဲမြံစွာ ရပ်မိလျက် ရှိပြန်သည်။

ဤနေရာသို့ ကျွန်မ ဘာကြောင့် ရောက်လာခဲ့မိပါလိမ့်။ ကျွန်မ၏ နေ့စဉ် ဘဝဖြတ်သန်းမှုမှ ဝေးရာ၊ မြို့ပြ ယဉ်ကျေးမှု ဝေးရာ၊ အလုပ်တာဝန်

များမှ ဝေးရာ ဤလယ်မြေသို့ ကြိုဆိုမည့်သူ မရှိဘဲ ဘာကြောင့် ရောက် လာခဲ့မိပါလိမ့်။

ကျွန်မကို ဤနေရာသို့ ရုတ်တရက် လာရောက်ရန် ဆွဲဆောင် ညှို့ ယူခဲ့သော အရာတစ်ခု ရှိသည်ဆိုလျှင် ထိုအရာသည် ငယ်စဉ်ဘဝက လွမ်း အိပ်မက်တစ်ခုသာ ဖြစ်ပါလိမ့်မည်။ ကျွန်မ၏ ငယ်ဘဝသည် ကြမ်းတမ်း သော်လည်း နွေးထွေး လုံခြုံခဲ့ပါသည်။ ဘွားဘွား၏ လယ်မြေများ အကြောင်း ကို ပုံပြင်သဖွယ် ကျွန်မ မကြာခဏ ကြားဖူးခဲ့ရသည်။ ကေသုံးဆယ် ဟူ သော လယ်မြေသည် ကျွန်မအတွက် အံ့ဩစရာပင် ဖြစ်လေသည်။ ကျွန်မ သိသမျှ ဂဏန်းသင်္ချာဖြင့် တစ်ဧကမှာ စတုရန်းကိုက် ၄,၈၄၀ ဟု တွက် ကြည့်လိုက်သောအခါ ကေသုံးဆယ်ဟူသော အကျယ်အဝန်းသည် တစ် ခမ်းတစ်နားကြီး ဖြစ်သွား၏။ ထိုလယ်မြေများကို ယခု မပိုင်ဆိုင်ရတော့ ဘူး... ဟု သိရသောအခါ ကျွန်မ အလွန် ဝမ်းနည်းသွားခဲ့ဖူးပါသည်။

ဘာဖြစ်လို့လဲဟု ကျွန်မ မေးကြည့်တော့ မေမေက အေးဆေးစွာ ဖြေ ခဲ့၏။

'လယ်လုပ်တဲ့သူသာ လယ်ပိုင်ရမယ်ဆိုတဲ့ ဥပဒေကြောင့်ပေါ့ သမီး ရယ်'

'ဒါဖြင့် အဲဒီလယ်တွေ ဘယ်သူပိုင်သလဲ မေမေ...'

'သူရင်းငှားတွေ ပိုင်သွားတာပေါ့ သမီးရဲ့'

မေမေ့ထံမှ သူရင်းငှား... ဟူသော စကား အထူးအဆန်းကို ကျွန်မ ပထမဦးဆုံး ကြားရစဉ်က ကျွန်မနားထဲ၌ ခါးသက်နေခဲ့သည်။ သူရင်းငှား ဟူသော စကား၌ ကျွန်မတို့၏ လယ်မြေများကို ကျွန်မတို့ထံမှ လုယူထား သူ... ဟူသော အဓိပ္ပာယ်ဖြင့် တွဲလျက် တွေးတောမိသောကြောင့် ဖြစ် ပါသည်။ သို့သော် သူရင်းငှား၏ အဓိပ္ပာယ်ကို တဖြည်းဖြည်း သိလာသော အခါ ထိုသူရင်းငှားများကို ကျွန်မ ခွင့်လွှတ်နိုင်သွားသည်။

'ဘွားဘွားနဲ့ မေမေက မိန်းမတွေ မဟုတ်လား သမီးရယ်၊ သမီးဖေဖေ နဲ့ ရပြန်တော့ သမီးဖေဖေက မြို့မှာ အနေကြာခဲ့တော့ လယ်အကြောင်း သိပ် မသိသေးဘူး၊ ဒီတော့ လယ်ကို ကျွမ်းကျင်ပြီး လယ်ပိုင်မရှိတဲ့ ယောက်ျားကြီး တွေကို မေမေတို့က အငှားနဲ့ လယ်လုပ်ခွင့် ပေးရတယ်လေ၊ တစ်ရာသီစာ တစ်ရာသီစာပေါ့၊ စပါးပေါ်ပြီးတဲ့ အခါမှာ လုပ်ခကို စပါးနဲ့ ချေလိုက်တာ ပဲ၊ တချို့ကို သူတို့က ယူ၊ တချို့ကို မေမေတို့ကို ပေးတာပေါ့၊ မေမေတို့က

မြေပိုင်တဲ့အတွက် ဘာမှ အလုပ် မလုပ်ရဘဲ စပါးတွေ ရနေခဲ့တာ၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ လယ်လုပ်တဲ့သူကိုသာ လယ်ပိုင်ခွင့်ပေးတဲ့ စနစ်တစ်ခု လုပ်လိုက်ကြတယ်... အဲဒီအခါမှာ လယ်မပိုင်နိုင်တဲ့ မေမေတို့ဟာ လယ်တွေ ဆုံးသွားတာပေါ့'

'မေမေတို့ မနေမြောဘူးလား' ရိုးစင်းစွာ ကျွန်မမေးတော့ မေမေက ပြုံးသည်။

'ဘယ့်နှယ် ပြောလိုက်ပါလိမ့် သမီးရယ်... နမြောတာပေါ့၊ ဒါပေမဲ့ မေမေတို့ရဲ့ သူရင်းငှားတွေက စိတ်သဘောထား ကောင်းကြပါတယ်။ မေမေတို့ကို သူတို့ ပိုလျှံတဲ့အခါမှာ နည်းနည်းပါးပါး မျှပေးတတ်တယ်၊ တကယ်က သူတို့ဟာ ဥပဒေအရဆိုရင် စပါးတစ်စေ့မှ မေမေတို့ကို ပေးစရာ မလိုဘူးလေ... ဒါပေမဲ့ သူတို့ ပေးခဲ့တယ်...'

ကျွန်မ မသိမသာ နှာခေါင်းရှုံ့မိ၏။

'ဒါပေမဲ့ နည်းနည်းလေးပဲ ပေးတာ မဟုတ်လား မေမေရဲ့'

'နည်းနည်းလေးဟာလဲ မရတာနဲ့စာရင် တော်သေးတာပဲလေ'

'မေမေက သူတို့ကို စိတ်မဆိုးဘူးပေါ့လေ'

မေမေက ကျွန်မကို ထူးဆန်းသော အကြည့်ဖြင့် ကြည့်လျက် ထူးဆန်းသော စကားကို ပြောခဲ့သည်။

'ဘာစိတ်ဆိုးစရာ ရှိလို့လဲ သမီးရဲ့ တကယ်တော့ လယ်သူရင်းငှားနဲ့ လယ်ပိုင်ရှင်ဆိုတာ အခု မကွာခြားတော့ပါဘူး။ လယ်ပိုင်ရှင်ဆိုတာလည်း အစိုးရရဲ့ သူရင်းငှားပါပဲ သမီးရယ်'

ထိုစကားကို ကျွန်မ နားမလည်ခဲ့ပါ။

'အဲဒီ လယ်တွေကို သမီး ကြည့်ချင်တယ်'ဟု ပူဆာတော့ မေမေ မျက်နှာ ညှိုးသွား၏။

'အဲဒီလယ်တွေက အခု ဘယ်မှာလဲဟင်'

'ရွာနိုင်မှာ သမီးရဲ့'

'သွားကြည့်ချင်တယ်၊ မြင်ဖူးချင်လို့ပါ မေမေရယ်... မေမေတို့ ပိုင်ဖူးတယ်ဆိုတဲ့ မြေကို သမီး မြင်ဖူးချင်လို့ပါ'

ကျွန်မကို အလိုလိုက်သော မေမေသည် မျက်နှာသုတ် ပဝါကို ခေါင်းမှာပေါင်းလျက် ကျွန်မကို လက်ဆွဲကာ မြင်းလှည်းကြုံ တစ်စီးဖြင့် ရွာနိုင်သို့ ခေါ်သွားခဲ့ပါသည်။ ကျွန်မတို့ ရောက်သွားသော အချိန်သည် မိုးဦးကျ

ဖြစ်၏။ လယ်ကွင်းများတွင် ရေလွှမ်းလျက် ပျိုးစပါးများ ကျဲထားစဉ်ကာလ ဟု ထင်ပါသည်။ စိမ်းဝါနုရောင် စပါးပင်ကလေးများသည် မျက်စိတစ်ဆုံး ကျယ်ပြန့်စွာ ပေါက်ရောက်လျက် ရှိသည်။ လူတချို့ လယ်ကွက်ထဲမှာ ပျိုး နှုတ်ရန် အစပျိုးနေကြသည်။ နံနက်ခင်း နေရောင်ခြည်အောက်တွင် တ ဖျပ်ဖျပ် ယိမ်းနွဲ့လျက်ရှိသော စပါးပင် သေးသေးကလေးများသည် အလွန် လှပနေပါသည်။

ကျွန်မသည် မေမေနှင့်အတူ ရေမြောင်း ဘောင်ထက်မှာ ရပ်ရင်း ငေးကြည့်လျက် ရင်တလှပ်လှပ် ခုန်နေသည်။

'မေမေ သမီး စပါးပင်ကလေး တစ်ပင်ကို ကိုင်ကြည့်ရမလားဟင်...'

မေမေ့ကို ခွင့်တောင်းတော့ မေမေက ခေါင်းယမ်းမလို လုပ်ပြီးမှ ဟိုဟို သည်သည် လှမ်းကြည့်ပြီး တည်ငြိမ်သော ဣန္ဒြေဖြင့် ခေါင်းညိတ်ပြ၏။ ကျွန်မသည် ဂါဝန်ကို စုသိမ်းပြီး လယ်ကန်သင်းရိုးပေါ်မှာ ဒူးထောက်လျက် စပါးပင်ကလေး တစ်ပင်ကို ကိုင်ကြည့်လိုက်သည်။ စပါးရွက် စိမ်းမျှင်မျှင် ကလေး၏ ခပ်ရှရှ အမွေးနုကလေးများ အထိအတွေ့သည် ကျွန်မအတွက် ထူးဆန်းနေ၏။ သေးငယ်သော စပါးပင်ကလေးကို လက်ဖျားဖြင့် ပွတ်သပ် ကိုင်တွယ်ကြည့်ရင်း ကျွန်မ၏ မျက်ရည် တစ်စက် နှစ်စက် လယ်ကွင်း ရေပြင်ထဲသို့ ကျသွားခဲ့ဖူးပါသည်။

* * *

ဆန်စပါး အလွန်ရှားပါးသော နှစ်တစ်နှစ်ကို ကျွန်မ ကုန်းစောင်းမှာ နေထိုင်စဉ် ကလေးဘဝ၌ ကြုံတွေ့ခဲ့ရဖူးသည်။

ထိုနှစ်က မိုးခေါင်ပြီး ရေရှားပါး ပူပြင်းသဖြင့် စပါး အထွက်နည်း သွားသည်ဟု သိရသည်။ ကျွန်မတို့သည် အဘွား၏ ချောက်တီးချောက် ချက် ဈေးဆိုင်ကလေးနှင့် ဖေဖေ၏ နာရီပြင် လုပ်ခဖြင့် နေထိုင် စားသောက် ရသည်ဖြစ်ရာ ထိုနှစ်က ဆန် ပြတ်လပ်မှုသည် ကျွန်မတို့ မိသားစုအပေါ် တိုက်ရိုက် သက်ရောက်ခဲ့သည်။ ကျွန်မ၏ မေမေသည် ဆန်အိုးထဲမှ နည်း ပါးသော ဆန်နှင့် နည်းပါးလှသော လက်ကျန်ငွေကို နှိုင်းချိန် တွက်ဆ လျက် ညပေါင်းများစွာ စိတ်ပူပန်ခဲ့ရသည်။ ပဲလွန်းစေ့နှင့် ပြောင်းဖူးစေ့ များကို ခပ်များများ မေမေဝယ်တာ မြင်တော့ ကျွန်မက မသိသား ဆိုးဝါး စွာ ပျော်ရွှင်ခဲ့သေး၏။

'သမီးက ပဲထမင်းကို သိပ်ကြိုက်တာ မေမေရဲ့ ပြောင်းဖူးပြုတ်လည်း ကြိုက်တာပဲ'

တစ်ညမှာတော့ မေမေက ထူးဆန်းသော စကားတစ်ခွန်း ပြောလာသည်။

'သမီးရေ... မနက်ဖြန်ကျ မေမေ ကောက်သင်းကောက် သွားမလို့ သမီး လိုက်မလား'

'ကောက်သင်းကောက်'ဟူသော စကားသည် ကျွန်မအတွက် စိတ်ဝင်စားစရာ ဖြစ်သည်။ ဖတ်လက်စ ကျောင်းစာကိုပင် ကျွန်မ မေ့လျော့သွားပါသည်။

'ကောက်သင်းကောက်ဆိုတာ ဘာလဲ မေမေ'

'ကောက်သင်းကောက်ဆိုတာ လယ်ကွင်းထဲမှာ စပါးနှံတွေ ကျကျန်နေတာကို လိုက်ကောက် စုဆောင်းတာပေါ့ သမီးရဲ့။ စပါးရိတ်တာ သမီး မြင်ဖူးသားပဲ... စပါးရိတ်တဲ့အခါ ကောက်ပင်တွေကို လက်နဲ့ ပွေ့ပြီး တံစဉ်နဲ့ ဖြတ်ရိတ်သွားတာ မဟုတ်လား၊ အဲဒီ လက်ပွေ့တဲ့အထဲ မပါသွားဘဲ တံစဉ်နဲ့ ရိတ်ပြီးသားထဲက မြေပြင်ပေါ်မှာ ကျကျန်ခဲ့တဲ့ စပါးနှံ အပြတ်ကလေးတွေကို ရိတ်တဲ့လူရဲ့ နောက်ကနေ တကောက်ကောက် လိုက်ပြီး ကောက်တာကို ကောက်သင်းကောက်တယ်လို့ ခေါ်တယ်'

'ဒါပေမဲ့ မေမေ့ လယ်တွေကို မေမေ မပိုင်တော့ဘူးဆို'

'အေးလေ အခုဟာက သူများပိုင်တဲ့ လယ်ကွက်ထဲမှာ သူများ ရိတ်ပြီးသား ကျန်နေတဲ့ စပါးနှံတွေကို လိုက်ကောက်တာပဲ သမီးရဲ့၊ လယ်ရှင်ကို ခွင့်တောင်းပြီး ကောက်တာ၊ အဲလို ကောက်မဲ့လူ မရှိလဲ ဒီစပါးတွေက ရိုးပြတ်တောထဲမှာ ခြောက်သွေ့ပြီး ကျန်ရစ်မှာပဲ၊ အလကား ဖြစ်သွားမှာလေ...

နောက်တစ်နေ့ နံနက် ဝေလီဝေလင်းအချိန်တွင် ကျွန်မတို့ သားအမိသည် ထမင်းချိုင့်နှင့် ရေဗူးကို လက်မှာ ဆွဲလျက် ရွာအနီးအနားက အသိမိတ်ဆွေ လယ်ကွက်များသို့ စပါးရိတ်သူများနှင့်အတူ လိုက်ပါသွားကြသည်။ နံနက်ခင်း နှင်းစက်များအောက်တွင် ကျွန်မနှင့် မေမေ၏ ခြေလှမ်းများသည် သွက်လက်နေ၏။ ကျွန်မအတွက်က ဤအရပ်သည် မဟာစွန့်စားခန်းကြီးတစ်ခု ဖြစ်သည်။ လယ်ကွက်များကို တစ်ခုပြီး တစ်ခု ကျော်ပြီး တော်တော်ဝေးဝေး ရောက်တော့မှ ကျွန်မတို့ ကောက်သင်းကောက်

၄၆

ရမည့် စပါးရိတ်ကွက်ဆီသို့ ရောက်ပါသည်။ ဦးကြီးနှစ်ယောက်က တံစဉ်ဖြင့် အဝါရောင် စပါးပင်များကို အပင်အခြေအထက် ခပ်ကွာကွာမှ ဖြတ်ဖြတ် ပွေ့ယူသွားခိုက် ကျွန်မတို့ သားအမိက စပါးနှံ အကျများကို ကောက်သည်။ ကောက်ရိုး ဖြတ်စများနှင့်အတူ မပြတ်ပဲ ကျန်ရစ်သည့် စပါးပင်တစ်ခုတစ်လေကိုလည်း ကျွန်မတို့ ဖြတ်ယူခွင့် ရှိပါသည်။ အနီးအနားစပါးရိတ်ကွက်များမှ လယ်ပိုင်ရှင်များ၊ ရိတ်သိမ်းသူများက မေမေ့ကို မြင်တွေ့သောအခါ တအံ့တသြ ဖြစ်ကာ လာရောက် နှုတ်ဆက်ကြ၏။

'အမယ်လေး ကြံကြီးစည်ရာ မငြိမ်ရယ် လုပ်စရာအလုပ် တော်တော်ရှားလို့ ကောက်သင်းကောက် လုပ်နေတာလား... လာလာ... ဒီသစ်ပင်ရိပ်အောက်မှာ လာထိုင်နေ... ညနေစောင်းမှ ပြန်ပေါ့ ဘာမှ ကောက်မနေနဲ့ အပြန်မှာ ကောက်လှိုင်းစည်းတွေ နိုင်သလောက်သာ သယ်သွားပေတော့'

မေမေက ရယ်လျက် ခေါင်းခါယမ်းတော့ သူတို့က မေမေ့လက်ကိုဖွတ်ဆွဲ၍ အနားယူခိုင်းသည်။

'ညည်းနှယ်အေ... ဆန်လိုရင် ငါတို့များ ပြောရောပေါ့ အိမ်အရောက်လာပို့မှာပေါ့' ထိုသူများ၏ ကျွန်မကို ကြည့်သော အကြည့်ကို ကျွန်မ ဘယ်တော့မှ မေ့နိုင်မည် မဟုတ်တော့ပါ။ သနား ကရုဏာသက်သော အကြည့်၊ ဖြစ်မှ ဖြစ်ရလေ ဟူသော အကြည့်မျိုး ဖြစ်သည်။ ကျွန်မတို့လိုပင် အခြားကောက်သင်း ကောက်သူများကိုတော့ ထိုအကြည့်မြင့် မကြည့်ဘဲ ကျွန်မတို့ကိုကျမှ ဘာဖြစ်လို့ ထိုအကြည့်ဖြင့် ကြည့်ကြသလဲ။ ကျွန်မတို့နှင့် အခြားကောက်သင်း ကောက်သူများအကြား ဘာများ ကွာခြားနေလို့လဲ။ စတုတ္ထတန်းအရွယ် ကျွန်မသည် ကွာခြားမှုကို ထိုစဉ်က တွေး၍ မရခဲ့ပေ။ ကျွန်မသိသည်က ကောက်သင်း ကောက်ရတာ ပျော်စရာကောင်းသည်။ နေ့လည်မွန်းတည့်နှင့် မွန်းလွဲစ အချိန်တွင် ပါလာသည့် ထမင်း စားရတာ ပျော်စရာကောင်းသည်။ ထိုနေ့က ဟင်းမှာ ဖွယ်ဖွယ်ရာရာ မဟုတ်။ ငါးဖယ်အောင်းငါးပိကောင်ကို မီးကင်၍ ဆီဆမ်းထားသော ဟင်းတစ်ခွက်သာ ဖြစ်သည်။ လက်ဖက်အုပ်ကလေးတော့ ပါ၏။ သို့သော် ထိုထမင်းသည် ကျွန်မဘဝတွင် အမြိန်ဆုံးသော ထမင်းများတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။

ညနေစောင်း ပြန်သောအခါ ကျွန်မ၏ ပုဆိုးဟောင်း အထုပ်ထဲတွင် စပါးနှံများ တစ်ပွေ့တစ်ပိုက်ဖြင့်၊ မေမေ့ ခေါင်းပေါ်မှာလည်း စပါး

နံ့ အစည်းကြီးတစ်ခု၊ မေမေ့ လက်ထဲတွင်လည်း စပါးနံ့ တစ်မွှေ့တစ်ပိုက် ကြီး…။ သားအမိနှစ်ယောက် ပင်ပန်း ဆင်းရဲစွာ သို့သော် ပျော်ရွှင် ကျေနပ်စွာ ပြန်လာခဲ့သည်။ အနီးအနား လယ်ရှင်တို့က မနေနိုင် အိမ်အရောက် လာပို့ပေးသွားသော စပါးစည်းများသည် မြေတလင်းတွင် အပုံလိုက်။

ကျွန်မတို့ သားအမိသည် သုံးရက်ခန့် ကောက်သင်း ကောက်ပြီး သောအခါ ကောက်ပြီးသော စပါးနံ့ထက် သုံးလေးဆမကသော စပါးစည်း များကို လက်ခံ ရရှိခဲ့သည်။ ည လသာသာတွင် စပါးပုတ်ရသော အလုပ် သည် စိတ်ဝင်စားစရာ အလွန်ကောင်းသည်။ သို့သော် စပါးစေ့ကလေး များ၏ ထိပ်က ချွန်မြသော ဆူးတံ သေးသေးကလေးများကြောင့် ကျွန်မ လက်မောင်းနှင့် ခြေသလုံးသားများတွင် စူးရှရှ ယားကျိကျိ အရသာကတော့ တော်တော် အခံရ ခက်ပါသည်။ မြေပြင်မှာ ယိုင် (သို့မဟုတ်) ဖျာကို ခင်း ထိုဖျာပေါ်မှာ သစ်တုံးကြီးကြီးတစ်ခု တင်ကာ စပါးခက်များကို လက်ဖြင့် မွှေ့ကိုင်ပြီး စပါးနံ့များနှင့် သစ်တုံးကို အားရပါးရ ရိုက်ပုတ်ခြင်းအားဖြင့် စပါးစေ့ကလေးများ ကြွေကျလာသည်။ ထို စပါးစေ့ကလေးများကို ကျွန်မ အလွန်ချစ်ပါသည်။

နောက်ထပ် နှစ်ရက်ကြာသောအခါ နံနက်ခင်းတစ်ခု၌ ကျွန်မတို့ ခြံ ဝင်း ရှေ့သို့ လှည်းတစ်စီး ဆိုက်လာသည်။ ထိုလှည်းပေါ်တွင် တစ်တင်း ဝင်တောင်း သုံးခုဖြင့် စပါးများ အပြည့် ဖြစ်၏။ ကျွန်မသည် အိမ်ပေါ်မှ နေ ထိုလှည်းကို လှမ်းကြည့်လိုက်မိသော်လည်း ကျွန်မတို့နှင့် မသက် ဆိုင်ဘူးဟု ထင်ကာ မျက်နှာလွှဲလျက် အဝတ်ရုပ်များဖြင့် ဆက်လက် ကစား နေမိလေသည်။ သို့သော် ထိုလှည်းပေါ်မှ လူတစ်ယောက် ဆင်းလာပြီး အိမ် ထဲသို့ ဝင်လာ၏။ မေမေနှင့် ထိုလူ နှုတ်ဆက် ရယ်မောနေကြသည်။

'ခင်ဗျားတို့ ကောက်သင်းကောက်တဲ့ သတင်းက ရွာခိုင်အထိတောင် ပြန့်လာပါလား မငြိမ်ရဲ့။ ကျွန်တော်တို့ဆီ လာခဲ့ရောပေါ့ဗျာ… ကဲကဲ ဟိုလှည်းပေါ်က စပါးတွေကို ချရအောင် စပါးကျီထဲ ထည့်မလား၊ ဒါမှ မဟုတ်…'

အံ့ဩစရာကောင်းသည်က ထိုသူသည် ဘွားဘွား၏ သူရင်းငှား ဖြစ် ပြီး ကျွန်မတို့ စားရန် သူတို့ စပါးထဲမှ ခွဲဝေပေးလာခြင်း ဖြစ်သည်။ ထို ထက်ပို၍ အံ့ဩရသည့်အဖြစ်မှာ လှည်းပေါ်မှာ မတ်တပ်ရပ်လျက် သူ့ ဖခင်၏ ပခုံးပေါ်သို့ စပါးတောင်းများ ကူညီ မတင်ပေးနေသော လူငယ်

ကလေးသည် ကျွန်မ၏ အတန်းဖော် ကျွန်မနှင့် စာပြိုင်ဘက် မောင်မောင်ကြီး ဖြစ်နေလေသည်။ ကျွန်မ လှည်းအနီးသို့ ကပ်သွားတော့ ဝမ်းသာ အံ့ဩစွာ နှုတ်ဆက်၏။

'ဒါ... နင်တို့ အိမ်လား'

'အေး...'

'ဒီအိမ်က လူတွေက ငါတို့ ကျေးဇူးရှင်တွေတဲ့ အဖေက ပြောတယ်' ကောင်ကလေးက ဖြူစင်စွာ ပြုံးလျက် ပြောတော့ ကျွန်မ ရယ်ကာ ငြင်းလိုက်မိ၏။

'အဖေလုပ်နေတဲ့ လယ်တွေက နင်တို့ လယ်တွေတဲ့...ဟ၊ ငါတို့က နင်တို့ရဲ့ သူရင်းငှားတွေတဲ့...။'

'လယ်ပိုင်ရှင် ဆိုတာလည်း အစိုးရရဲ့ သူရင်းငှားပါပဲဟာ'

ကျွန်မ ကောင်းကောင်း နားမလည်သေးသော မေမေ့ စကားဖြင့် ကျွန်မ သူ့ကို နှစ်သိမ့်လိုက်ပါသည်။

ကျွန်မနှင့် မောင်မောင်ကြီးသည် ယခင်ကထက် ပို၍ ရင်းနှီး တွယ်တာလာခဲ့၏။ ရေနံချောင်းမှာ ဆွေမျိုးတွေရှိသော ကျွန်မက မြို့ပြ ပုံပြင်များကို ဖွဲ့.ဖွဲ့.နွဲ့.နွဲ့. ပြောပြလျှင် သူက ငေးမောကာ နားထောင်တတ်သည်။ လယ်ခွန်၊ လယ်ထောက်ခ စသည့် စကားများကို ဟန်တစ်လုံး ပန်တစ်လုံး ပြောဆို ဆွေးနွေးကြစဉ်မှာတော့ ကျွန်မတို့ နှစ်ယောက်လုံး အမြင်တူကြ၏။

'ငါလေ လယ်ကွင်းတွေကို သိပ်ချစ်တာပဲ သိလား မောင်မောင်ကြီး၊ တအားလှတယ်နော်...'

'ငါကတော့ လယ်မလုပ်ချင်ဘူးဟာ... လွတ်ဆင်းရဲတာပဲ၊ ငါက မြို့တက်ပြီး ကျောင်းဆရာလုပ်ချင်တာ ဝင်းဝင်းရ'

ပဥ္စမတန်းအောင်သော နှစ်တွင် သူက ပထမဆုရ၍ ကျွန်မက ဒုတိယဆု ရပါသည်။ ထိုနှစ်တွင် ကျွန်မတို့နှစ်ယောက် တစ်နယ်စီ ဝေးခဲ့ကြသည်။ လယ်ကွင်းတွေကို သိပ်ချစ်သော ကျွန်မက မိဘများနှင့်အတူ ရေနံချောင်းသို့ ပြောင်းရွှေ့ရပြီး မြို့ပြမှာ ကျောင်းဆရာလုပ်ချင်သော သူက ကုန်းဓောင်းမှာ လယ်ကွင်းများနှင့်အတူ ကျန်ရစ်ခဲ့တော့သည်။

သူ့နေရာကို ကျွန်မ သိပါလျက် ကုန်းဓောင်းသို့ ကျွန်မ တစ်ခေါက်မျှ မရောက်ဖြစ်ခဲ့သည်ကို နားလည်နိုင်ပါ့မလား။ ကျွန်မ၏ အိပ်မက်များက ကျွန်မ လှမ်းမမှီနိုင်ဘူးဟု ထင်ရလောက်အောင် အလှမ်းဝေးခဲ့၏။ အိပ်

မက်များ နောက်သို့ လိုက်လံ ဖမ်းဆုပ်ဖို့ ကြိုးစားနေမိသော ကျွန်မအတွက် မောင်မောင်ကြီးနှင့် လယ်ကွင်းများသည် ခပ်ဝေးဝေးမှာ မှုန်ပျပျသာ ကျန်ရစ်သော အရာများ ဖြစ်သည်။ သို့သော် ကျွန်မ သူ့ကို မကြာခဏ သတိရမိသည်။ သူနှင့် ကျွန်မ ကုလားပဲခင်းတွေအကြား သွားပြီး အခင်းဘေး အစပ်မှာပင် ကုလားပဲပင်များကို မီးမြိုက်လျက် နူးကျက်ကာ မွှေးပျံ့နေသော ကုလားပဲ မီးဖုတ်များကို အတူစားခဲ့ကြသည်။ ကျောင်း၏ တစ်ဖက်ရှိ ရေမြောင်းထဲသို့ သူ ရေဆင်းကူးလျှင် ကျွန်မက ဘေးက ရေမြောင်းဘောင်မှာ အကျအန ထိုင်လျက် စောင့်ကြည့်ခဲ့သည်။ သူတို့ ရွာနိုင် ဘုရားပွဲသို့ ကျွန်မကို လှည်းဖြင့် လာခေါ်လျှင် ရှင်လန်းတက်ကြွစွာ လိုက်သွားနိုင်ခဲ့သည်။ ကျွန်မတို့ ရွှေကျောင်း ဘုရားပွဲသို့လည်း သူ ဝတ်ကောင်းစားလှဖြင့် ရောက်လာကာ ကျွန်မတို့ မိသားစုနှင့်အတူ ပွဲကြည့်နေကျ ဖြစ်လေသည်။

ကျွန်မတို့ ပြောင်းရွှေ့သော နေ့က ကျွန်မတို့ကို သံကိုင်း မော်တော်ဆိပ်အထိ သူ လိုက်ပို့ နှုတ်ဆက်ခဲ့စဉ် သူ့မျက်ဝန်းအစပ်မှာ ပြည့်လျှံတွဲခိုသော မျက်ရည်စကလေးများကို ကြည့်ရင်း ကျွန်မ မျက်ရည်ကျခဲ့ရသည်။

သို့ပါလျက် နှစ်ပေါင်းများစွာ ကျွန်မနှင့်သူ မတွေ့ရတော့တာ သူ့ဘက်က ပျက်ကွက်မှုလား၊ ကျွန်မဘက်က ပျက်ကွက်မှုလား သို့မဟုတ် နှစ်ယောက်လုံး၏ ပျက်ကွက်မှုပဲလား မသိပေ။

ယခုမှ ကျွန်မ ဤလယ်မြေပေါ်မှာ မတ်မတ်ရပ်လျက် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေခဲ့မိသလား။

နှစ်ပေါင်း နှစ်ဆယ်ကျော်ဟူသော အချိန်ကာလသည် ကျွန်မအတွက်တော့ မနေ့ကလိုပင် နီးကပ်လျက် ရှိသည်။ ကျွန်မ၏ လယ်မြေပိုင်ဆိုင်ခွင့်ကို ပြန်ရပြီးသည့်နောက်ပိုင်း ကျွန်မ ဘာမှ မလှုပ်ရှားခဲ့သည်မှာ ကျွန်မကိုယ်တိုင်က လယ်မြေအပေါ်မှာ မနှစ်သက် မတွယ်တာခဲ့လို့... ဟု ကျွန်မအမြဲ တွေးတော ဆင်ခြင်ခဲ့မိသည်။ သို့သော် ယခုလို ကျွန်မ၏ လယ်မြေပေါ်မှာ ကျွန်မ ရပ်နေမိစဉ် အခိုက်အတန့်မှာတော့ ထိုအတွေးအပေါ် သံသယဝင်လာခဲ့၏။

ငါ ဒီလယ်မြေတွေကို ချစ်တယ်... ချစ်နေတုန်းပဲ။

သို့သော် ကျွန်မထက် ပို၍ လယ်မြေကိုချစ်သူ တစ်ယောက်သာလျှင် အမှန်တကယ် ဤလယ်မြေကို ပိုင်သင့်ပါသည်။ ထိုသူသည် မည်

သူလဲ… မောင်မောင်ကြီးမှ ဟုတ်ပါ့မလား။ လယ် မလုပ်ချင်သော မောင်မောင်ကြီးသည် ယခုအချိန်တွင် မည်သည့်မြို့ရွာသို့ ရောက်ရှိနေမှာပါလိမ့်။

* * *

နေလုံးသည် အနောက်ဘက် မိုးကုတ်စက်ဝိုင်းဆီမှာ နိမ့်ဆင်းလာသောအခါ ကျွန်မ ပြန်ဖို့ သတိဝင်လာ၏။ ရွာခိုင်မှ ကုန်းဓောင်းအထိ စက်ဘီးနင်းရမည့် အချိန်ကို ထည့်တွက်လျှင် ဤအချိန်သည် ပြန်သင့်ပြီ။ သို့သော် ကျွန်မသည် ဤလယ်မြေကို မည်သူ ထွန်ယက် စိုက်ပျိုးနေခဲ့သလဲ ဟု သိချင်နေ၏။ ထိုအဖြေကို မသိရဘဲနှင့် ကျွန်မ၏ လယ်ယာပိုင်ဆိုင်ခွင့် စွန့်လွှတ်မှုသည် တစ်စုံတစ်ခု အမိပ္ပာယ် လစ်ဟာနေသလို ခံစားနေရဦးမည်။

ကျွန်မသည် စက်ဘီးကို ခက်ခက်ခဲခဲ တွန်းလာရင်း အနီးရှိ လယ်ကွက်တစ်ခုမှ တက်လာသော လူတစ်ယောက်ဆီ ချဉ်းကပ်မိ၏။

'ဒီလယ်မြေတွေကို အခု ဘယ်သူပိုင်သလဲ'

အသားညိုညိုနှင့် ထိုလူသည် ကျွန်မ မေးခွန်းကို တအံ့တသြ ဖြစ်သွားဟန် ရှိ၏။ ကျွန်မ ညွှန်ပြရာ နေရာသို့ လှမ်းမျှော်ကြည့်ပြီးမှ ခပ်တိုတို ဖြေပါသည်။

'မောင်မောင်ကြီး'

ထိုနာမည်သည် ကျွန်မ၏ ရင်ထဲသို့ နူးညံ့ သိမ်မွေ့စွာ ဝင်ရောက်သွားသောအခါ ကျွန်မ တစ်ကိုယ်လုံး ကြည်နူးစွာ အေးမြသွားပါသည်။ ကျွန်မ၏ လယ်မြေကို သူ့လက်ဖြင့် ယခုတိုင် ထိတွေ့ စောင့်ရှောက်နေဆဲဟူသော အဖြစ်မှာ မည်မျှ ကျေနပ် နှစ်သက်စရာ ကောင်းလိုက်ပါသလဲ။ လွမ်းစရာကောင်းသော အိပ်မက်တစ်ခုကို ပြန်လည်မက်ရသလို ရှိပါသည်။

'အင်း ဒါပေမဲ့ အခု စနစ်ပြောင်းသွားပြီဆိုတော့ ကျုပ်ပြောတာ မှားချင်လဲ မှားသွားမှာပေါ့လေ… တကယ်တော့ မောင်မောင်ကြီးက ဒီလယ်တွေကို ထိန်းပေးနေတဲ့ သဘောပါ။ လယ်ရှင်တွေက မြို့မှာ ရှိကြတယ်ဗျ။ တစ်ချိန်ချိန်မှာ စာချုပ်နဲ့ ပြပြီး လာတောင်းချင် တောင်းသွားမှာ၊ ဒါပေမဲ့ လောလောဆယ်တော့ မောင်မောင်ကြီး ပိုင်တာပေါ့လေ…'

မောင်မောင်ကြီး၏ အသားများသည် ကျွန်မဘေးက လူလိုပင် ညိုမောင်းလေမလား။ မောင်မောင်ကြီး၏ လက်ဖဝါးများမှာ ငယ်စဉ်ကထက်

အဆပေါင်းများစွာ ကြမ်းတမ်း ခက်မာနေလေမလား။ သူ့အသံကရော... ငယ်စဉ်ကလို ခပ်ရှက်ရှက် နူးညံ့သော အသံမျိုးမှ ဟုတ်ပါ့မလား။ ကျွန်မ၏ အတွေးကြောင့် ကျွန်မ၏ နှလုံးသားသည် သိမ်မွေ့စွာ ခုန်နေရာမှ ပို၍ နွေးထွေး လေးလံသွားသည်။

'ဘာမှ စိုးရိမ်စရာ မရှိပါဘူး ဦးလေးရယ်...၊ ဒီလယ်ပိုင်ရှင်တွေက လယ်တွေကို ပြန်မယူတော့ပါဘူး၊ မောင်မောင်ကြီးပဲ ပိုင်ပါတယ်...'

ထိုစကားကို ကျွန်မ ပြောပြီးသောအခါ ကျွန်မရင်ထဲမှာ လေးလံနေသော ထုထည်တစ်ခု လွတ်မြောက် ပေါ့ပါးသွားသည်။ လယ်သမားကြီး ကျွန်မစကားကို နားလည် မလည် ကျွန်မ မသေချာပါ။ သူ အံ့သြသွားသည်မှာတော့ သေချာ၏။

'မောင်မောင်ကြီးကို ကျွန်မ သိပ်ကျေးဇူးတင်တယ်လို့ ပြောပေးပါနော်...'

'မိန်းကလေးက...'

ရိုးသားသော လယ်သမားကြီးသည် ကျွန်မအား ခပ်ဆဆ ငေးကြည့်လျက် မေးခွန်း မေးမလိုလုပ်ပြီးမှ မမေးပဲ ရပ်ထားလိုက်၏။ သို့သော် ကျွန်မ ပြုံး၍ ဖြေလိုက်ပါသည်။

'ကျွန်မက မောင်မောင်ကြီးရဲ့ ငယ်သူငယ်ချင်းပါ။ ရန်ကုန်က ခဏ လာလည်တာပါ"

'ဟာ... ဒါဆိုရင်... မောင်မောင်ကြီးနဲ့ သွားတွေ့ပါလား... သူ ရွာတောင်ဘက်မှာ နေတယ်လေ...၊ ဒီနေ့ သူ့မိန်းမ နည်းနည်းနေမကောင်းလို့ သူ လယ်ထဲ မဆင်းတာ... ကျုပ် လိုက်ပို့ရမလား'

'နေပါစေ... နေပါစေရှင်...၊ ကျွန်မ ကုန်းစောင်းကို ပြန်ရမှာမို့ပါ။ မောင်မောင်ကြီးနဲ့ တွေ့တဲ့အခါမှာသာ ဒီလယ်တွေကို ကျွန်မ ပြန်မယူတော့ဘူးဆိုတာ ပြောပြလိုက်ပါနော်...'

စက်ဘီးကို နင်း၍ ထွက်ခွာလာသောအခါ လယ်သမားကြီးသည် ပါးစပ် အဟောင်းသားဖြင့် ငေး၍ ကျန်ခဲ့သည်။

အေးမြသော လေသည် ကျွန်မ၏ မျက်နှာကို နူးညံ့စွာ တိုက်ခတ်လာသော အခါမှာတော့ ကျွန်မရင်ထဲမှာ ကြည်နူးလျက် အသက်ပြင်းပြင်း တစ်ချက် ရှိုက်လိုက် မိလေသည်။

သူ ကျွန်မ တည်းခိုရာကို စုံစမ်းပြီး လိုက်လာလေမည်လားဟု တွေး

ကြည့်မိသည်။ သူလာမှာပါ၊ အသေအချာကို လာမှာ... ဟု၊ ကျွန်မ သိနေသည်။ သူ ကျွန်မကို လာရောက် နှုတ်ဆက်မှာပါ။ ကလေးဘဝတုန်းကလို တောက်ပသော အပြုံး၊ တောက်ပသော မျက်လုံးများဖြင့် ရိုးသားသော လူတစ်ယောက်ပဲ ဖြစ်နေလိမ့်မည်။

'ငါတို့က နင်တို့ရဲ့ သူရင်းငှားတွေ ... ဟ' ဆိုသော စကားကိုများ ထပ်ပြောလေဦးမလား။ မေမေပြောဖူးသော စကားကိုပင် သူ့ကို နောက်တစ်ကြိမ် ပြန်ပြောရမည်။ သည်တစ်ခါမှာတော့ ထိုစကား၏ အဓိပ္ပာယ်ကို ကျွန်မ ကောင်းကောင်း သဘောပေါက်ခဲ့ပြီ ဖြစ်ပါသည်။

ရသစာစဉ် ၇



မြင့်သန်း

မိုးကုန်ပြီးစတစ်နေ့၌
ကျေနပ်စွာလွမ်းဆွတ်ရခြင်း နှင့်
အခြားဝတ္ထုတိုများ